

# အာဏာသိမ်းမှုအား ခုခံခြင်း

၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ND-Burma ၏
၆ လပတ် အစီရင်ခံစာ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)
မူပိုင်ခွင့် © ၂၀၂၂ : "အာဏာသိမ်းမှုအား ခုခံခြင်း"

မျက်နှာဖုံး ဓါတ်ပုံ: Panos Pictures

https://library.panos.co.uk/features/stories/
myanmar-s-spring-revolution.html#0_00299050

# မာတိကာ


| | |
|---|---|
| ကျေးဇူးတင်လွှာ | စာမျက်နှာ ၄ |
| ကျွန်ုပ်တို့အကြောင်း | စာမျက်နှာ ၄ |
| ကွင်းဆင်းမှတ်တမ်းတင်သူများ၏ အခြေအနေ | စာမျက်နှာ ၅ |
| နိဒါန်း | စာမျက်နှာ ၆ |
| အကျဉ်းချုပ် | စာမျက်နှာ ၇ |
| လူ့အခွင့်အရေးချိုးဖောက်မှုများ | စာမျက်နှာ ၁၀ |
| ချင်းပြည်နယ် | စာမျက်နှာ ၁၀ |
| ကချင်ပြည်နယ် | စာမျက်နှာ ၁၂ |
| ကရင်ပြည်နယ် | စာမျက်နှာ ၁၄ |
| ကရင်နီ(ကယား)ပြည်နယ် | စာမျက်နှာ ၁၇ |
| မွန်ပြည်နယ် | စာမျက်နှာ ၁၉ |
| မကွေးတိုင်းဒေသကြီး | စာမျက်နှာ ၂၁ |
| စစ်ကိုင်းတိုင်းဒေသကြီး | စာမျက်နှာ ၂၂ |
| ရှမ်းပြည်နယ် | စာမျက်နှာ ၂၅ |
| ရခိုင်ပြည်နယ် | စာမျက်နှာ ၂၈ |
| တနင်္သာရီ တိုင်းဒေသကြီး | စာမျက်နှာ ၂၉ |
| မြန်မာနိုင်ငံ၏ တရားမျှတမှု အလားအလာ | စာမျက်နှာ ၃၀ |
| ဖြစ်ရပ်မှန်များ | စာမျက်နှာ ၃၁ |
| နိဂုံး | စာမျက်နှာ ၃၄ |
| အကြံပြုချက်များ | စာမျက်နှာ ၃၅ |

# ကျေးဇူးတင်လွှာ

တွေ့ဆုံမေးမြန်းရာတွင် ၎င်းတို့အပေါ် ကျူးလွန်ခဲ့သည့် ဖြစ်ရပ်များကို အမှန်တရားအတွက် ရဲရဲဝံ့ဝံ့ ထုတ် ဖော်ပြောဆိုခဲ့သူများအား လိုက်လိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါသည်။ ND-Burma အဖွဲ့ဝင်များနှင့် အန္တရာယ်များကြားမှ အဖိုးမဖြတ်နိုင်သည့် ထွက်ဆိုချက်များအား စုဆောင်းပေးသည့် ကွင်း ဆင်းမှတ်တမ်းတင်သူများအားလည်း အသိအမှတ်ပြုပါသည်။

ND-Burma အဖွဲ့ဝင်များ၏ လုံခြုံရေးကို ပဓာနမထားပဲ လူ့အခွင့်အရေးချိုးဖောက်မှု သက်သေ အထောက်အထားများအား ကြိုးပမ်း စုဆောင်းမှု မရှိဘဲ ယခုကဲ့သို့ အစီရင်ခံစာ ပြုစုနိုင်မည် မဟုတ်ပါ။ ငြိမ်းချမ်းရေးအတွက် လျှောက်လှမ်းရမည့် ခရီးဝေးနေသေးကြောင်း ယခုအစီရင်ခံစာတွင် ပါရှိသည့် ပြည်သူ တို့၏အသံက သတိပေးနေပြီး မည်သို့ပင်ဆိုစေကာမူ ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းနေမှုအား အင်အားသုံး နှိမ်နင်းမှု အား အမှန်အတိုင်းထုတ်ဖော်၍ ကြံ့ကြံ့ခံ ရင်ဆိုင်နေခြင်းက တွန်းအားဖြစ်စေသည်။

# ကျွန်ုပ်တို့အကြောင်း

ND-Burma ၏ အဖွဲ့ဝင် ၁၃ ဖွဲ့သည် တိုင်းရင်းသားများ၊ အမျိုးသမီးများနှင့် လိင်စိတ်ကွဲပြား သူများ အားကိုယ်စားပြုသည်။ နစ်နာခဲ့သူများ တရားမျှတမှု ရရှိရေးအတွက် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ၂၀၀၄ ခုနှစ်မှစပြီး မှတ်တမ်းတင်နေသည့် အဖွဲ့အစည်းဖြစ်သည်။ ND-Burma တွင် အောက်ပါ အဖွဲ့ဝင် ၉ ဖွဲ့နှင့် ဆက်စပ်အဖွဲ့အစည်း ၄ ဖွဲ့ပါဝင်သည်။

အဖွဲ့ဝင်အဖွဲ့အစည်းများ

တင်းပြည့်အဖွဲ့ဝင်များ

၁) နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း
၂) လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့
၃) ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံး(ရကလစ)
၄) အနာဂါတ်အလင်းတန်းဆုံမှတ်
၅) မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
၆) ကချင်အမျိုးသမီးများအစည်းအရုံး -ထိုင်းနိုင်ငံ
၇) တအာင်းအမျိုးသမီးအဖွဲ့အစည်း
၈) တအာင်းကျောင်းသားလူငယ်များ အဖွဲ့
၉) ထားဝယ် အမျိုးသမီးသမဂ္ဂ

ဆက်စပ်အဖွဲ့ဝင်းများ

၁) ချင်းလူ့အခွင့်အရေးအဖွဲ့
၂) ပအိုဝ်းလူငယ်များအစည်းအရုံး
၃) ပဲခူး အရှေ့ - နိုင်ငံရေးအကျဉ်းသားဟောင်းများကွန်ရက်
၄) ရှေ့ပြေးအသံ

# ကွင်းဆင်းမှတ်တမ်းတင်သူများ၏ အခြေအနေ

မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေရ လက်နက်ကိုင်ပဋိပက္ခနှင့် ဆက်စပ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ အမြောက်အများ ဖြစ်ပေါ်နေသည်။ ကွင်းဆင်း မှတ်တမ်းတင်သူများအတွက် လုံခြုံရေးမှာအထူးစိုးရိမ်ရသည့် အနေအထားဖြစ်ပြီး လူ့အခွင့်အရေးအခြေအနေ စောင့်ကြည့်လေ့လာမှုကို ပေါ်ပေါ် ထင်ထင် ဆောင်ရွက်နိုင်ခြင်းမရှိပေ။

မြန်မာနိုင်ငံအတွင်း အမှန်တကယ် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသည့် အကြမ်းဖက်မှု အားလုံးအား မှတ်တမ်းတင်နိုင်ရန် မဖြစ်နိုင်ပါ။ ကွင်းဆင်း မှတ်တမ်းတင်သူများနှင့် နစ်နာသူများအား ဆက်သွယ်၍အကြမ်းဖက်ချိုးဖောက်မှုများအား မှတ်တမ်းတင်ခြင်းကို အန္တရာယ်များကြားမှ ဆောင်ရွက်ရခြင်းဖြစ်သည်။ စစ်အာဏာရှင်တို့ လက်သပ်မွေးထားသည့် အဖွဲ့အစည်းများက နစ်နာသူများအား နှုတ်ဆိတ်နေစေရန် ခြိမ်းခြောက် အကြပ်ကိုင်ထားသည်။ တိုင်းရင်းသားဒေသများတွင် အထူးသဖြင့် တိုက်ပွဲဖြစ်သည့်ဒေသများတွင် မှတ်တမ်းတင်ရာတွင် မတရားသည့် ဥပဒေများဖြင့်အဓမ္မဖမ်းဆီးခံရနိုင်ခြင်း၊ ကိုယ်ထိလက်ရောက် သို့မဟုတ် လက်တုန့်ပြန် အကြမ်းဖက်မှုများ ခံရနိုင်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းမှုနှင့်အတူ အမြတ်ပြတ်ခြင်းမရှိသည့် ကိုဗစ်၁၉ ကမ္ဘာ့ကပ်ရောဂါတို့ကြောင့် လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းတင်ရာတွင် အကန့်အသတ်များပို၍ များလာသည်။ ကြီးမားသည့် အခက်အခဲ အကန့်အသတ်များရှိသော်လည်း ကြံ့ကြံ့ခံ၍ ဆက်လက်ဆောင်ရွက်နေသည့် အဖွဲ့ဝင်များ၏ မှတ်တမ်းတင်မှုကို အသိအမှတ်ပြုရမည်ဖြစ်သည်။

လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းသည် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအတွက် အမြဲတစေ အဓိက စိန်ခေါ်မှုဖြစ်သော်လည်း လွန်ခဲ့သည့်နှစ်မှစ၍ ပို၍ ခက်ခဲလာစေသည်။ စစ်အာဏာရှင်တပ်ဖွဲ့များက အကြမ်းဖက်နှိမ်နင်းမှုကို တိုးမြှင့်လုပ်ဆောင်နေရာ ၎င်းတို့ကျူးလွန်သည့် ရာဇဝတ်မှုများအား မှတ်တမ်းတင်သူများအပေါ် ပစ်မှတ်ထားနေသည်။ အင်တာနက်ဖြတ်တောက်မှုနှင့် မြေလှန်စနစ်ကျင့်သုံး၍ စစ်အာဏာရှင် တို့သည် ၎င်းတို့၏ တိုက်ခိုက်မှုများကို ဖုံးကွယ်နေကြသည်။

သတင်းအချက်အလက်များ အရေအတွက်အားဖြင့်ပြည့်မီသော်လည်း အရည်အသွေးမှာမူမြေပြင်တွင် သတင်းကောက်ယူရသည့် အခြေအနေပေါ်တွင် မူတည်နေသည်ကို ကွန်ရက်၏ ဒေတာအဖွဲ့အနေဖြင့်သတိပြုမိသည်။ သတင်းအချက်များအား နစ်နာသူများအား တွေ့ဆုံမေးမြန်းခြင်း၊ ဒေသခံအရင်းအမြစ်များ အပါအဝင် အွန်လိုင်း၊ မြေပြင် စသည့် ဆက်သွယ်ရေးလမ်းကြောင်းများနှင့် လုံခြုံရေးအပေါ်မူတည်၍ ကောက်ယူစုဆောင်းပါသည်။

ND–Burma မှ ပြုစုထားသည့် လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစားနှင့် အဓိပ္ပါယ်များအပေါ် မူတည်ပြီး အဖွဲ့ဝင်များ မှတ်တမ်းတင်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် လက်စွဲစာစဉ်များ ပြုစုထားပြီး အောက်ပါ လူ့အခွင့်အရေးချိုးဖောက်မှု ခေါင်းစဉ်များ ပါဝင်သည်။

- **သတ်ဖြတ်ခြင်းနှင့် လက်စတုန်းဖျောက်ဖျက်ခြင်း**
- **အတင်းအဓမ္မဖမ်းဆီး၊ ထိန်းသိမ်းခြင်း**
- **ကလေးစစ်သား အသုံးပြုခြင်း**
- **အတင်းအကြပ် ရွှေ့ပြောင်းခြင်း**
- **အဓမ္မပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ**
- **ညှဉ်းပန်းနှိပ်စက်ခြင်း**
- **အတင်းအဓမ္မစေခိုင်းခြင်း**
- **လွတ်လပ်စွာသွားလာမှုကို ကန့်သတ်ခြင်း**
- **ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုများ အတင်းအကြပ် သိမ်းဆည်းဖျက်ဆီးခြင်း**
- **အတင်းအဓမ္မ လက်ထပ်စေခိုင်းခြင်း**
- **ပြည့်တန်ဆာအဖြစ် အတင်းအကြပ် စေခိုင်းခြင်း**
- **လူကုန်ကူးခြင်း**
- **လွတ်လပ်စွာ စုဝေးခွင့်နှင့် စုရုံးခွင့်ကို ပိတ်ပင်ကန့်သတ်ခြင်း**

# နိဒါန်း

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)၊ ND-Burma သည် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ၆ လတကြိမ် လူ့အခွင့်အရေးအခြေအနေ အကျဉ်းချုပ် အစီရင်ခံစာကို ၁၀ နှစ်ကျော်ကြာ ပြုစုထုတ်ပြန်ခဲ့သည်။ ND-Burma အဖွဲ့ဝင်များ လှုပ်ရှားနေသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အပြစ်မဲ့ အရပ်သား ပြည်သူများအပေါ် စစ်အာဏာရှင်တို့က ကျူးလွန်သည့် အချက်အလက်များကို သုံးသပ်ပြုစုထားခြင်းဖြစ်ပြီး ၆ လတကြိမ်ဖြင့် တနှစ်လျှင် နှစ်ကြိမ် ထုတ်ဝေပါသည်။

၂၀၂၀ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအထိ လူ့အခွင့်အရေးချိုးဖောက်မှုများကို တင်ပြထားသည့် အစီရင်ခံ စာကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ရန် ပြင်ဆင်နေစဉ် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက်နေ့ တွင် မြန်မာ စစ်တပ်မှ အာဏာသိမ်းခဲ့သည်။ ထိုအချိန်မှစပြီး လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်သူများ ၏ လုံခြုံရေး နှင့် ၎င်းတို့ ဆောင်ရွက်နေသည့် မှတ်တမ်းတင်လုပ်ငန်းများအပေါ် အကြီးအကျယ် ထိခိုက်မှု ရှိလာသည်။ စစ်အာဏာရှင်စနစ်ကို လက်မခံဘဲ ဆန့်ကျင်နေသည့် အပြစ်မဲ့ပြည်သူများအပေါ် စစ်တပ်မှ အကြီးအကျယ် စစ်ဆင် နှိပ်ကွပ်လျှက်ရှိသည်။ ဒီမိုကရေစီရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသည့်အတွက် ၎င်း တို့အပေါ် အကြီးအကျယ် ခြိမ်းခြောက်ခံနေရသည့် အဖွဲ့ဝင်များနှင့် မိခင်အဖွဲ့အစည်းများ လုံခြုံစိတ်ချရရေး အတွက် အလျင်အမြန်ဆောင်ရွက်ရန် လိုအပ်နေသည်ဟု တွေ့ရှိရပါသည်။

မြန်မာပြည်တွင် အာဏာသိမ်းချိန်မှစ၍ ထိုအခြေအနေမှာ တိုးတက်လာခြင်းမရှိပေ။ ငြိမ်းချမ်းစွာ ဆန္ဒပြသူများမှာ အကြမ်းဖက်ဖြိုခွဲမှုများနှင့် ကြုံတွေ့ရပြီး နောက်ပိုင်းတွင် စစ်တပ်ဦးစီးသည့် တရားရုံး များတွင် လုပ်ကြံထားသည့် စွဲဆိုမှုများဖြင့် ပြစ်ဒဏ်ပေးအကျဉ်းချခြင်း ခံနေရသည်။ ဒီမိုကရေစီနည်းကျ ရွေးချယ်ခံရသူများမှာလည်း စစ်အာဏာရှင်တို့၏ မတရားသည့် ဥပဒေများဖြင့် အဓိပ္ပါယ်မဲ့စွာ ပြစ်ဒဏ်ပေး ခြင်းခံနေရချိန်တွင် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသ အသီးသီးတွင်လည်း ပဋိပက္ခများ အတောမသတ် ဖြစ်ပွား နေသည်။ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအင်အားစုများ (EROs) အပါအဝင် စစ်အာဏာသိမ်းမှု ကို ဆန့်ကျင် ကန့်ကွက်သည့် တက်ကြွလှုပ်ရှားသူများအား စစ်အာဏာရှင်တို့မှ လက်တုန့်ပြန် တိုက်ခိုက် ကြသည်။

စစ်မြေပြင်တွင် EROs များနှင့် လက်တွဲ၍ မြန်မာစစ်တပ်ကို ချေမှုန်း တိုက်ပွဲဝင်နေပြီး ပြည်သူ့ကာ ကွယ် ရေးတပ်ဖွဲ့ (PDFs) ဟု လူသိများသည့် အတိုက်အခံလှုပ်ရှားမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းလာကြ သည်။ တိုင်းပြည်၏ အရင်းအမြစ်အတော်များများကို သုံးစွဲရသည့် ပြည်တွင်းစစ်ကြောင့် လူသားချင်းစာနာ သည့် အကြပ်အတည်းများ ပေါ်ပေါက်လာစေသည်။ သိန်းနှင့်ချီသည့် ပြည်သူများမှာ လုံခြုံမှုနှင့် အကူအညီ များရရန် ပိတ်ဆို့ခံနေရသည့် အခြေအနေတွင် အမြဲလို အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရသည်။ အနည်းဆုံး လူဦးရေ ၃ သန်းခန့်မှာ အရေးပေါ်အကူအညီများ အရေးတကြီး လိုအပ်လျှက်ရှိသည်။

နိုင်ငံတဝှန်းကျယ်ပြန့်သည့် ဖိနှိပ်မှုများနှင့်အတူ ကင်းစင် ကွယ်ပျောက်မှုမရှိသည့် ကိုဗစ်-၁၉ ကပ် ရောဂါ၏ ခြိမ်းခြောက်မှုကလည်း ရှိနေသည်။ တိုင်းရင်းသား ကျန်းမာရေး စောင့်ရှောက်မှုပေးနေသည့် အဖွဲ့များသည် ရံပုံငွေနှင့် အရင်းအမြစ်များ အကန့်အသတ်ရှိနေသော်လည်း ပြည်သူလူထု၏ လိုအပ်ချက် ကို ဖြည့်ဆည်း၍ ဝန်ဆောင်မှု ပေးနေသည်။ ဗိုင်းရပ် ကပ်ရောဂါကို ထိန်းချုပ်ရမည့်အစား စစ်အာဏာရှင် များသည် ကပ်ရော ဂါအား အသုံးချ၍ လူထုအား ကန့်သတ်ရန်၊ လူသားချင်း စာနာသည့်အကူအညီများ လက်လှမ်းမမီစေရန်နှင့် အရပ်သားခုခံရေးအင်အားစုများ၏ လှုပ်ရှားမှုအပေါ် ချုပ်ချယ်ရန် လုပ်ဆောင် နေသည်။ စစ်တပ် စစ်ဆေး ရေးဂိတ်များ အများအပြားချထား၍ ငွေညှစ်ခြင်း၊ လာဘ်ယူခြင်းနှင့် ခြိမ်းခြောက် ခြင်းတို့ဖြင့် ပြည်သူလူထု အပေါ် အကြမ်းဖက် ခြိမ်းခြောက်နေသည်။

ယခုအစီရင်ခံစာတွင် ၂၀၂၂ ခုနှစ် ဇန်နဝါရီမှ ဇွန်လအထိ ND-Burma အဖွဲ့ဝင်များ မှတ်တင်ထားသည့် ဖြစ်ရပ်မှန်များ၊ တွေ့ဆုံမေးမြန်းမှုနှင့် မြန်မာစစ်တပ်မှ အပြစ်ရှိကြောင်း ထင်ထင်ရှားရှား ပြသသည့် ၎င်းတို့ ကျူးလွန်သည့် ရာဇဝတ်မှုများအပေါ် သုတေသန လုပ်ထားခြင်းဖြစ်သည်။ ဆယ်စုနှစ်များစွာ ကျင့်သုံးနေပြီး ယခုတိုင် အဆုံးမသတ်သေးသည့် ပြစ်ဒဏ်ကင်းလွတ်ခွင့်ဓလေ့က စစ်တပ်အနေဖြင့် အရပ်သားပြည်သူများ အပေါ် စစ်ဆင်တိုက်ခိုက်စေရန် တွန်းပို့နေသည်။

နိုင်ငံတကာအသိုင်းအဝိုင်းသို့ ND-Burma၏ ပြင်းထန်သော အကြံပြုချက်မှာ စစ်အာဏာရှင်များ အပေါ် အရေးယူဆောင်ရွက်ချက်များ အလျင်အမြန်ပြုလုပ်ရန်နှင့် လက်ရှိဖြစ်ပေါ်နေသည့် အကြမ်းဖက်မှု များအတွက် တာဝန်ရှိသူများအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) အပါအဝင် အမြင့်ဆုံး တရားစီရင် ရေး ယန္တရားများသို့ လွှဲပြောင်းပေးပို့ရန် တောင်းဆိုထားသည်။ အပြစ်မဲ့ ပြည်သူများ၏ ဘဝမှာ ကမ္ဘာ့ခေါင်း ဆောင်များ၏ ဆောင်ရွက်လိုစိတ်နှင့် အလျင်အမြန် အကောင်အထည်ဖော်နိုင်သည့် စွမ်းရည်အပေါ် မူတည် နေသည်။

# အကျဉ်းချုပ်

ယခုအစီရင်ခံသည့် ကာလဖြစ်သည့် ၂၀၂၂ ခုနှစ် ဇန်နဝါရီမှ ဇွန်လတလျှောက် မြန်မာစစ်တပ် သည်ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့် အခြေခံမူများအပေါ် မထီမဲ့မြင်ပြုနေသည်ကို ND-Burma အဖွဲ့ဝင် များက မျက်ဝါးထင်ထင် မြင်တွေ့ကြရသည်။ စစ်အာဏာရှင်တို့ အရိုးစွဲအောင် ကျင့်သုံးနေသည့် ပြစ်ဒဏ် ကင်းလွတ်ခွင့် ဓလေ့နှင့် အကြမ်းဖက် ကျူးလွန်မှုကြောင့် လူသားချင်းစာနာသည့် အကြပ်အတည်းကိုဖြစ် ပေါ်စေပြီး လူဦးရေ တသန်းကျော် အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရသည်[၁]။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် စစ်တပ်မှ အာဏာသိမ်းမှုကြောင့် တိုင်းပြည်၏ နိုင်ငံရေး အခြေအနေမှာ အကြီးအကျယ်ပြောင်းလဲသွားသည်။ ထို့အတူ တခုပြိုလဲသွားပြီးနောက် ဆင့်ကဲ ရိုက်ခတ် မှုဖြစ်စဉ်အရ စစ်အာဏာရှင်တို့၏ တရားမဝင်အာဏာသိမ်းမှုကို ဆန့်ကျင်၍ ဖွဲ့စည်းခဲ့သည့် အတိုက်အခံ အင်အားစုများအပေါ် ရိုက်ခတ်မှုရှိခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သောင်ပြိုကမ်းပြို အနိုင်ရ ပြီး လအနည်းငယ်အတွင်းမှာပင် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) အားကောင်းလာသည်။ ပြည်သူ့ ဝန်ထမ်းများဖြစ်သည့် ဆရာဝန်၊ ကျောင်းဆရာ၊ အင်ဂျင်နီယာနှင့် တခြားနယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူများက စစ်အာဏာရှင်အောက်တွင် တာဝန်ထမ်းဆောင်မည် မဟုတ်ကြောင်း ငြင်းဆန်ကြေငြာ ခဲ့ကြသည်။ ၂၀၂၁ ခုနှစ် မတ်လတွင် CDM လှုပ်ရှားမှုသည် နိုဘယ်ငြိမ်းချမ်းရေးဆုအတွက် အမည်စာရင်း တင်သွင်းခြင်းခံရသည်[၂]။

ထို့ပြင် စစ်အာဏာရှင်တို့၏ အာဏာငမ်းငမ်းတက် ရယူလိုချင်မှုကြောင့် ၎င်းတို့ မူကြမ်းရေးဆွဲခဲ့ သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေကိုပင် ပြန်လည်ချိုးဖောက်ကြောင်း နေ့ဦးတော်လှန်ရေး၏ ဗျူဟာမြောက် စုစည်း ကြိုးပမ်းမှုမှတဆင့် ထုတ်ဖော်ပြသခဲ့သည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) တို့ကို တရားဝင် ထိတွေ့ဆက်ဆံမှုနှင့် သံတမန် ဆက်သွယ်မှု အတွက် ဖွဲ့စည်းခဲ့သည်။ လက်နက်ကိုင် ပြည်သူ့ကာကွယ်ရေး (PDFs) အဖွဲ့များကိုလည်း စစ်အာဏာသိမ်း မှုကို ဆန့်ကျင်သည့် အရပ်သားများဖြင့် စစ်အာဏာရှင်တို့အား ဆန့်ကျင်တိုက်ခိုက်ရန် ဖွဲ့စည်းခဲ့သည်။ နောက်ခံ အခြေအနေအမျိုးမျိုးနှင့် တိုင်းရင်းသားလူမျိုးအသီးသီးတို့ ညီညွတ်စွာဖြင့် အာဏာရှင်စနစ်ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်လျှက်ရှိသည်။

၁။ “Myanmar Humanitarian Update No. 18 | 31 May 2022,” UN Office for the Coordination of Humanitarian Affairs, 31 May 2022
၂။ “CDM nominated for Nobel Peace Prize,” Frontier Myanmar, 27 March 2021

ယခုအစီရင်ခံသည့် ကာလအတွင်း စစ်အာဏာရှင်တို့သည် အရပ်ဖက်အဖွဲ့အစည်းများနှင့် EROs အပါအဝင် ဒီမိုကရေစီအင်အားစုများ၏ ရဲရဲဝံ့ဝံ့ခုခံမှုကို ယှဉ်ပြိုင်အံတုနိုင်ခြင်းမရှိပေ။ ကမ္ဘာ့ခေါင်းဆောင်များ အနေဖြင့် မြန်မာနိုင်ငံတွင်း အရေးပေါ်လိုအပ်မှုများအပါအဝင် အကြပ်အတည်းများနှင့် ပတ်သက်၍တုန့်ပြန်ဆောင်ရွက်ရန် ပျက်ကွက်နေစဉ်တွင် နိုင်ငံတွင်းရှိ တက်ကြွလှုပ်ရှားသူများက စံပြအနေဖြင့် ရဲရင့်စွာ အသက်ကို ပဓာနမထားပဲ ၎င်းတို့၏ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေကြသည်။

NUG အပါအဝင် ကာလကြာရှည်ဆောင်ရွက်နေသည့် လှုပ်ရှားတက်ကြွသူများနှင့် ယုံကြည်စွာလက်တွဲ အလုပ်လုပ်ရမည့်အစား နိုင်ငံတကာအဖွဲ့အစည်းအချို့သည် စစ်အာဏာရှင်တို့နှင့် လက်တွဲ၍ ၎င်းတို့အား အသိ အမှတ်ပြုစေသည့် တရားဝင်မှုကို အရဲစွန့် ပေးနေသည်[၃]။ ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးရုံး (OHA) နှင့် ASEAN ၏ လူသားချင်းဆိုင်ရာ ကူညီမှု အဖွဲ့သည် စစ်အာဏာရှင်တို့နှင့် ပူးပေါင်း၍ လူသားချင်းစာနာသည့် အကူအညီများအတွက် ပူးပေါင်းဆောင်ရွက်ရန် ခြေလှမ်းပြင်နေသည်[၄]။ အထောက်အပံ့ အကူအညီများကို တလွဲသုံးခြင်းနှင့် စားနပ်ရိက္ခာ၊ ရေ၊ ဆေးဝါးနှင့် အမိုးအကာများ အပါအဝင် အရေးတကြီးလိုအပ်နေသည့် အခြေခံ လိုအပ်ချက်များအား ပိတ်ပင်တားဆီးနေသည့် စစ်အာဏာရှင်တို့ နှင့် လက်တွဲလုပ်ဆောင်ခြင်းဖြစ်သည်။ လက်တွေ့မြေပြင်တွင် လုပ်ဆောင်နေသည့် အားကိုးစိတ်ချ၊ ယုံကြည်ရသည့် အဖွဲ့အစည်းများနှင့် လက်တွဲ လုပ်ဆောင်မည်လား? မြန်မာစစ်အာဏာရှင်တို့အား အရဲစွန့်၍ တရားဝင်မှုကို အသိအမှတ်ပြုမည်လား? ဟု အရပ်ဖက်အဖွဲ့အစည်းများက ကုလသမဂ္ဂအား မေးခွန်းထုတ် တောင်းဆိုနေကြသည်[၅]။

လူသားချင်းစာနာသည့် အကူအညီများအား တလွဲအသုံးပြုနေသည်ဟု မှတ်တမ်းရှိသည့် မြန်မာစစ်တပ်နှင့် ပူးပေါင်း၍ အကူအညီများ ပေးပို့ဆောင်ရွက်သွားမည့် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) ၏ ဆုံးဖြတ်ချက်အား NUG ၏ လူသားချင်းစာနာ ထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ဝန်ကြီးဌာနသည် ကရင်အမျိုးသားအစည်းအရုံး (KNU), ချင်းအမျိုးသားတပ်ဦး (CNF) နှင့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) တို့နှင့် ပူးပေါင်း၍ ကန့်ကွက်ခဲ့သည်[၆]။ ထိုသို့ ဆောင်ရွက်ခြင်းသည် စစ်အာဏာရှင်တို့က လက်နက်မဲ့ အပြစ်မဲ့ ပြည်သူများအပေါ် စက်ဆုတ်စရာကောင်းအောင် ကျူးလွန်သည့် ရာဇဝတ်မှုများတွင် ကြံရာပါအဖြစ် အရဲစွန့် လုပ်ဆောင်ခြင်းဖြစ်သည်။

ကွဲပြားစုံလင်သည့် ခုခံတော်လှန်ရေး လှုပ်ရှားမှုများ အင်အားချိနဲ့သွားစေရန်နှင့် အသံတိတ်သွားစေရန် စစ်အာဏာရှင်တို့၏ ကြိုးပမ်းမှုမှာ အောင်မြင်မှုမရှိပေ။ စစ်တပ်မှ မရပ်မနား ခြိမ်းခြောက်၊ အကြမ်းဖက်မှုများ များပြားလာသော်လည်း အမှန်တရားကို လေးလေးနက်နက် ခိုင်ခိုင်မာမာ ထုတ်ဖော်မှုက စစ်အာဏာ ရှင်တို့ ငမ်းငမ်းတက် လိုချင်နေသည့် တရားဝင်မှုနှင့် အသိအမှတ်ပြုမှုကို အကြီးအကျယ် တားဆီးဟန့်တား ထားသည်။

ND-Burma အဖွဲ့ဝင်များ လှုပ်ရှားနေသည့် ဒေသများတွင် မြန်မာစစ်တပ်မှ စစ်သားများ ပြင်းပြင်းထန်ထန် ကျူးလွန်သည့် အကြမ်းဖက်မှုများ ဖြစ်ပွားနေသည်။ စစ်အာဏာရှင်တို့သည် ၎င်းတို့အား ကျယ်ကျယ်ပြန့် ပြန့် ဆန့်ကျင်နေမှုအား ၎င်းတို့နားလည်သည့် တခုတည်းသောနည်းလမ်းဖြစ်သည့် အကြမ်းဖက်မှုဖြင့် တုန့်ပြန်သည့်အတွက် ပြည်တွင်းပဋိပက္ခများ ပိုမိုများပြားလာသည်။

---

၃။ "UN AND ASEAN RISK COMPLICITY IN MYANMAR JUNTA'S WEAPONIZATION OF AID AND ATROCITY CRIMES," Progressive Voice, 31 May 2022
၄။ Ibid
၅။ Ibid
၆။ "Myanmar's NUG, Allied EAOs Urge ASEAN, UN Not to Work With Junta on Aid," The Irrawaddy, 1 June 2022

ထို့ကြောင့် ပြည်သူလူထု အများအပြားမှာ အဆက်မပြတ် အိုးအိမ်စွန့်ခွာထွက်ပြေးရပြီး လူသားချင်း စာနာမှုဆိုင်ရာ အကြပ်အတည်းဖြစ်ပေါ်စေသည့် အထောက်အထားများဖြစ်သည်။

စစ်အာဏာရှင်တို့မှ တမင်ရည်ရွယ်၍ 'ကြောက်မက်ဖွယ်လမ်းကြောင်းသို့ တွန်းပို့ခြင်း'[၇]အစီရင်ခံစာတွင် ၎င်းတို့အား လက်မခံသရွေ့ ရက်စက်ကြမ်းကြုတ်သည့် တိုက်ခိုက်မှုများကို အာဏာရှင်တို့က ရပ်ဆိုင်းမည်မဟုတ်ဟု ဖော်ပြထားသည်။ ထိုအစီရင်ခံစာတွင် မြန်မာစစ်တပ်မှ ကျူးလွန်သည့် အတင်းအဓမ္မဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ် စက်ခြင်း၊ မုဒိန်းကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ ပစ္စည်းဥစ္စာများ မတရား သိမ်းဆည်းခြင်း၊ လက်စတုန်းဖျောက်ဖျက်ခြင်း၊ သတ်ဖြတ်ခြင်း စသည့် ရာဇဝတ်မှုများကို ND–Burma အဖွဲ့ဝင်ဖြစ်သည့် HURFOM မှ မှတ်တမ်းတင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေမှာ ကျဆင်းနေသည်။ သို့သော်လည်း ထိုသို့ ဖွက်ဖွက်ညက်ညက်ကြေ ပျက်စီးဆုံးရှုံးမှုများ ရှိနေသော်လည်း မြန်မာပြည်သူလူထု၏ စစ်အာဏာစနစ်အား တွန်းလှန်ဖြို ဖျက်မည်ဆိုသည့် စိတ်ဓာတ်၊ မတူကွဲပြားသည့် နည်းလမ်းများဖြင့် ဆက်လက်ကြံ့ကြံ့ခံ လျှောက်လှမ်းနေသည်ကို ချီးကျူးလေးစား မှတ်တမ်းတင်ရမည်ဖြစ်သည်။




**ဓာတ်ပုံ –** ဖခင်၏ ဓာတ်ပုံကို ကိုင်ရင်း မိခင် ဒေါ်သက်ထားနှင့်အတူ ငိုကြွေးနေသည့် ရွှေရုပ်လွှာ။ ဖခင်ဖြစ်သူ ဦးဇော်ထက်စိုး (၂၆) သည် ဆောက်လုပ်ရေးလုပ်သားဖြစ်ပြီး စစ်တပ်က ပစ်ခတ်ရာတွင် သေဆုံးသွားသည်။
Credit: Panos Pictures

၇။ "Trajectory of Terror," The Human Rights Foundation of Monland, December 2021

# လူ့အခွင့်အရေးချိုးဖောက်မှုများ

## ချင်းပြည်နယ်



ချင်းပြည်သူလူထုသည် ၎င်းတို့နယ်မြေတွင် တပ်စွဲလာသည့် စစ်အာဏာရှင်တပ်များအား စွမ်းစွမ်းတမံ ခုခံသည့် နေရာများထဲမှ ပထမဆုံး ရွတ်ရွတ်ချွံချွံ ခုခံသူများဖြစ်သည်။ စစ်အာဏာရှင်တို့အား နေ့စဉ် စုစည်းဆန္ဒပြမှုများအား စစ်တပ်မှအင်အားသုံး၍ ရက်ရက်စက်စက်ဖြိုခွင်းပြီး အတင်းအဓမ္မဖမ်းဆီးခဲ့သည်။ထိုအခြေအနေက ချင်းဒေသ ကာကွယ်ရေးတပ်မတော် (CDF) အပါအဝင် ချင်းပြည်သူ့ကာ ကွယ်ရေးတပ် (CDF) များ ဖွဲ့စည်းပေါ်ထွက်လာစေရန် တွန်းပို့ခဲ့သည်။ CDF နှင့် CNF ပူးပေါင်းတပ်ဖွဲ့များက စစ်အာဏာရှင် တပ်များအား ဆက်လက်တိုက်ခိုက်လျှက်ရှိသည်။

၂၀၂၂ ခုနှစ် ပထမ ရက်သတ္တပတ်များအတွင်း ချင်းပြည်နယ်အတွင်း အကြမ်းဖက်မှုများကြောင့် ပြည်သူ ၄၀,၀၀၀ နီးပါးခန့် အိုးအိမ်စွန့်ခွာ ထွက်ပြေးရသည်[၈]။ ချင်းပြည်နယ်နှင့် နယ်စပ် အိန္ဒိယအရှေ့မြောက်ဘက်ရှိ မီဇိုရမ်ပြည်နယ် အစိုးရသည် မြန်မာနိုင်ငံရှိ အကြမ်းဖက်မှုများကြောင့် ထွက်ပြေးလာသူများအား မှတ်ပုံတင်များ ပြုလုပ်ပေးသည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှစ၍ မီဇိုရမ်ပြည်နယ်ရှိ ခရိုင် ၁၁ ခုတွင် ချင်းပြည်သူ ၃၀,၀၀၀ နီးပါး လုံခြုံရေးအတွက် ခိုလှုံနေထိုင်ကြသည်[၉]။

ချင်းပြည်နယ်ရှိ တော်လှန်ရေးအဖွဲ့များသည် မြန်မာစစ်တပ်၏ ထိုးစစ်ဆင်တိုက်ခိုက်မှု အတော်များများကို အောင်မြင်စွာ တွန်းလှန်နိုင်ကြသည်။ တော်လှန်ရေးတပ်ဖွဲ့များ၏ မဟာဗျူဟာတခုမှာ စစ်အာဏာရှင် ယာဉ်တန်းများကို ပုံမှန် ကြားဖြတ်တိုက်ခိုက်ခြင်းဖြစ်သည်[၁၀]။ လက်တုန့်ပြန်သည့်အနေဖြင့် အကြမ်းဖက် စစ်တပ်သည် ရွာလုံးကျွတ်မီးရှို့ခြင်း၊ ဒါဇင်နှင့်ချီသည့် ဘုရားကျောင်းများအပါအဝင် ဘာသာရေးအရ အထွတ်အမြတ်ထားသည့် အဆောက်အဦးများအား ဖျက်ဆီးခြင်းဖြစ်သည်။ ဒီမိုကရေစီလိုလားသည့် တပ်ဖွဲ့များကို မောင်းထုတ်ရန်နှင့် ထောက်ခံအားပေးသူများအား ချိနဲ့သွားစေရန် ရည်ရွယ်ပြီး စစ်တပ်က မြေလှန်စနစ်ကျင့် သုံးသည်။

မြန်မာစစ်တပ်မှ အရပ်သားပြည်သူများ အထူးသဖြင့် အမျိုးသမီးများအပေါ် ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှု ဒါဇင်အတော်များများကို ND–Burma ၏ ဆက်စပ်အဖွဲ့ဝင်ဖြစ်သည့် ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) က မှတ်တမ်းတင်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် CDF မှ စစ်တပ်နှင့် ရဲတပ်ဖွဲ့အားတိုက်ခိုက်ပြီး ၁ နာရီအကြာတွင် ဟားခါးမြို့နယ် ဒေါလွန်းရပ်ကွက်ရှိ ၁၁ နှစ်အရွယ်

၈။ “Myanmar Emergency Update (as of 17 January 2022),” United Nations High Commissioner for Refugees, 21 January 2022

၉။ “India’s Mizoram issues IDs to refugees from Myanmar,” The Daily Star, 17 May 2022

၁၀။ “Resistance forces strike Myanmar army convoys on Chin State roads,” Myanmar Now, 9 May 2022

ကလေးမ တဦးသည် အခြားအမျိုးသမီး ၆ ဦးနှင့်အတူ အဖမ်းခံရသည်။ ထို့အပြင် အမျိုးသား ၂၁ ဦးလည်း အဖမ်းခံရ ၍ စုစုပေါင်းဖမ်းဆီးခံရသူ ၂၈ ဦးရှိသည်။ CDF နှင့် စစ်တပ်တို့အကြား တိုက်ပွဲများ တစတစ များပြားလာပြီးနောက် အရပ်သားများ ထိုသို့ မတရားဖမ်းဆီးခံရခြင်းဖြစ်သည်[၁၁]။ အတင်းအကြပ် ဖမ်းဆီးခံရသည့် အရပ်သားများအား လူသားဒိုင်းကာများအဖြစ် စစ်အာဏာရှင်တပ်များက အသုံးပြုကြသည်။

ရက်သတ္တပတ် အနည်းငယ်အကြာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ကလေး ၅ ဦး၏ မိခင် ချင်းအမျိုးသမီး ထရီဇာနုလန်း (၄၀)နှင့် သမီးနှစ်ဦးဖြစ်သူ အန်ဂျလာငုဇသီယန် (၁၅)နှင့် ရီဂျီနသီယန်နန်ကဝီ (၁၃) နှစ်တို့ အား မီးရှို့သတ်ဖြတ်ထားသည်ကို ကလေးမြို့နယ် ချောင်းခု ရွာအနီးတွင် တွေ့ရှိရသည်။ စစ်တပ်မှ ၎င်းတို့ရွာသို့ ချဉ်းကပ်လာသည့် ဇန်နဝါရီ ၂၃ ရက်နေ့တွင် ရွာရှိ အမျိုးသားများ ထွက်ပြေးကြပြီး အမျိုးသမီးများအား စစ်သားများမှ ထိခိုက်အောင် မလုပ်ဟုယူဆ၍ ရွာတင်ထားခဲ့ကြသည်။ သေဆုံးသွားသူ အမျိုးသမီး၏ ခင်ပွန်း အပါအဝင် ကလေး သုံးဦးမှာ တောထဲတွင် ပုန်းအောင်းနေခဲ့ကြသည်[၁၂]။

ချင်းပြည်နယ် အနောက်မြောက်ပိုင်းသည် ပြင်းထန်သည့် ထိုးစစ်ကြောင့် ပျက်စီးဆုံးရှုံးမှုများနေသည်။ ၂၀၂၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် အာဏာရှင် တပ်သား ၃၀၀ ကျော်ကထုလေဆိပ်သို့ရောက်ရှိလာသည်[၁၃]။ ချင်း ကာကွယ်ရေးတပ် (CDF) မှ အရပ်သားများအား မြေပြင်၊ ဝေဟင်တို့မှ တိုက်ခိုက်မှုမှ ခိုလှုံရန် ကတုတ်ကျင်း များတူး၍ အဆိုးဆုံးအတွက်ပြင်ဆင်ထားကြရန် သတိပေးနှိုးဆော်ကြသည်။ မြန်မာစစ်တပ်အနေဖြင့် ချင်းပြည်နယ်အတွင်း တိုက်ခိုက်မှုများ လျော့နည်း ရပ်ဆိုင်းသွားမည်မဟုတ်သည်ကို ပြသသည့် လက္ခဏာဖြစ်သည်။

ချင်းပြည်နယ်အတွင်း ရက်စက်ကြမ်းကြုတ်မှုများ ဆက်လက်ကျူးလွန်နေခြင်းသည်အရပ်သားများအပေါ် အကာအကွယ်ပေးမှုများ ကင်းမဲ့နေသည်ကို ပြသနေသည်။ ပြည်သူများနေထိုင်သည့် ကျေးရွာများနှင့် အိုး အိမ်များမှာ ပြည်သူများ၏ အသက်ရှင်ရပ်တည်ခွင့်ကို တန်ဖိုးမထားသည့် မြန်မာစစ်သားများဖြင့် ဖုံးလွှမ်း သွားသည်။ စစ်အာဏာရှင်တို့၏ ထိုးစစ်ဆင် တိုက်ခိုက်မှုမှ လွတ်မြောက်လာသူများမှာလည်း တောတောင်ထဲတွင် ရိက္ခာ၊ ဆေးဝါးနှင့် အမိုးအကာမရှိပဲ ခက်ခက်ခဲခဲ ရှင်သန်အောင်ကြိုးစားနေရသည်။ အရပ်သားများမှာ ၎င်းတို့ အိုးအိမ်များမှ ချက်ခြင်းထွက်ခွာရမည်ဟုကပ်၍ သတိပေးခြင်းခံရသဖြင့် ပိုင်ဆိုင်မှုများ သယ်ဆောင်နိုင်ခြင်းမရှိပေ။ အမျိုးသမီး၊ ကလေးနှင့် သက်ကြီးရွယ်အိုများမှာ ထွက်ပြေးလာသူများထဲတွင် အများစုဖြစ်သည်။

၁၁။ Chin Human Rights Organization, News Bulletin
၁၂။ Ibid
၁၃။ "Clashes Expected in Chin State as Junta Deploys More Troops to Western Myanmar," The Irrawaddy, 1 June 2022



# ကချင်ပြည်နယ်

ကချင်ပြည်နယ်တွင် စစ်တပ်၏ အကြမ်းဖက်မှုကြောင့် စိုးရိမ်သောက ဗျာပါရများ ဒေသခံပြည်သူများအကြား ကြီးထွားလာသည်။ လေကြောင်းတိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရစေသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီမှ ဇွန်လအတွင်း လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှု ၈ ကြိမ်၊ လေကြောင်းတိုက်ခိုက်မှု ၅ ကြိမ်နှင့် သတ်ဖြတ်မှု ၅ မှု၊ အတင်းအဓမ္မဖမ်းဆီးမှု ၄ မှု၊ ညှဉ်းပန်းနှိပ် စက်မှု ၂ မှု၊ ရမ်းသမ်းပစ်ခတ်ခြင်း ၁ မှုနှင့် အတင်းအကြပ် အလုပ်ခိုင်းစေခြင်း ၁ မှုကို ND–Burma အဖွဲ့ဝင် ကချင်အမျိုး သမီးအစည်းအရုံး (ထိုင်းနိုင်ငံ)၊ KWAT မှ မှတ်တမ်းတင်ထားသည်[၁၄]။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်နေ့တွင် ပူတာအိုမြို့နယ် ဆွမ်ပီယန်ကျေးရွာအား လေကြောင်းမှ တိုက်ခိုက်သည့်အတွက် အသက် ၁၂နှစ်အရွယ် မိန်းကလေးတဦးနှင့် အသက် ၅၀ အရွယ် အမျိုးသမီးတဦးတို့ဒဏ်ရာရရှိသွား သည်[၁၅]။ စစ်အာဏာရှင်တပ်များသည် ကချင်ပြည်နယ်တွင်း အရပ်သား ပြည်သူများအပေါ် သတ်ဖြတ်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းများ ကျူးလွန်လျှက်ရှိသည်။ ဖားကန့်မြို့နယ်တွင် အရပ်သားတဦးသည် စစ်သားများ၏ အကြောင်းမဲ့ ပစ်သတ်ခြင်းခံရသည်[၁၆]။ အကြမ်းဖက်မှုများနှင့် အတူထောင်နှင့်ချီသည့် အရပ်သားများသည်အိုးအိမ်စွန့်ခွာ ထွက်ပြေးကြရသည်။ စစ် ပြေးဒုက္ခသည်များအတွက် အကူအညီပေးရန် လမ်းကြောင်းများအားလည်း စစ်တပ်မှ ပိတ်ဆို့ထားသည့်အတွက် လူသားချင်းစာနာသည့် အကူအညီ များမှာလည်း မစီးဆင်းနိုင်ဘဲ ရှိနေသည်။

စစ်အာဏာရှင်တို့အတွက် တာဝန်ထမ်းဆောင်ခြင်း မပြုရန်ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) က မြန်မာပြည် မြောက်ပိုင်းရှိအရပ်သားများအား သတိပေးနှိုးဆော်သည်[၁၇]။ ထုတ်ပြန်သည့်စာတွင် စစ်အာ ဏာရှင်လက်အောက် ဆက်လက် တာဝန်ထမ်းဆောင်ပါက အကျိုးဆက်ကို ခံကြရမည်ဟု KIO မှ သတိပေးထားသည်။ စစ်အာဏာရှင်တို့ ပစ်မှတ်ထားတိုက်ခိုက်နေသည့် အရပ်သားပြည်သူများအတွက် အမိုးအကာ၊ ရိက္ခာနှင့် ဆေးဝါးများကို တော်လှန်ရေးအဖွဲ့အစည်းများက ထောက်ပံ့ပေးကြသည်။

ကချင်ပြည်နယ်တွင် စစ်တပ်၏ ထိုးစစ်ကြောင့် ထွက်ပြေးလာပြီး ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်အနီးရှိ စစ်ပြေးဒုက္ခသည်စခန်းတွင် ခိုလှုံနေသည့် ဒုက္ခသည်များသည် လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခံရသည်။ ၂၀၂၂ ခုနှစ် ဇွန်လ ၁၅ ရက်နေ့ကစစ်ပြေးဒုက္ခသည်များအားတမင်တကာရည်ရွယ် တိုက်ခိုက်မှုအတွင်း အမျိုးသမီး ၃ ဦး သေဆုံး၍ အမျိုးသား ၁ ဦး ဒဏ်ရာရသွားသည်[၁၈]။ လက်နက်ကြီးကျည်များ ဒုက္ခသည်စခန်းအတွင်း ကျရောက်မှုကြောင့် ဒုက္ခသည်များ ကြောက်ရွံ့ ထိတ်လန့်ကုန်ကြ

---

၁၄။ KWAT Bulletin
၁၅။ Situation Overview February – March 2022, The Women's League of Burma
၁၆။ "Burma Army Kills Man In Hpakant," Kachin News Group, 25 May 2022
၁၇။ "KIO Warns Civil Servants in Northern Myanmar Not to Work for Junta" The Irrawaddy, 16 May 2022
၁၈။ "Junta Attacks Displaced Camp Near Kutkai" Kachin News Group, 21 June 2022

သည်။ ထိုသို့ ကျူးလွန်ခဲ့ပြီးနောက် တိုက်ပွဲများပြန် လည်ဖြစ်ပွားခဲ့သည်။ ဒုက္ခသည်စခန်းသည် လုံခြုံမှု မရှိတော့ဟုယူဆပြီး ဒုက္ခသည်များသည်အနီးရှိ ဘုရားကျောင်းသို့ ထွက်ပြေးခိုလှုံကြသည်။ တော်လှန်ရေးတပ်များက ပြင်းပြင်းထန်ထန် ခုခံတိုက် ခိုက်ကြသဖြင့် စစ်အာဏာရှင်တပ်များ ဒေသတွင်း ပိုမိုတိုးချဲ့ချထားသည်။

KWAT မှ ထုတ်ပြန်သည့် "ဝေဟင်မှ ခြိမ်းခြောက်မှုအသစ်များ" အစီရင်ခံစာတွင် ၂၀၂၁ နိုဝင်ဘာမှ ၂၀၂၂ ခုနှစ် ဧပြီလအထိ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် စစ်အာဏာရှင်တပ်များ ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှု အထောက်အထားများကို တင်ပြထားသည်[၁၉]။ KWAT မှ မှတ်တမ်းတင်ထား သည့် စစ်တပ်မှ အရပ်သားများ နေထိုင်ရာသို့ လေကြောင်းမှ တိုက်ခိုက်မှု ၅ ကြိမ်၊ လက်နက်ကြီးဖြင့် ပစ်ခတ်မှု ၁၃ ကြိမ်နှင့် ရွာသားများအား ရမ်းသမ်းပစ်ခတ်မှု ၁၃ ကြိမ်တို့ အပါအဝင်ဖြစ်သည်[၂၀]။ ထို့အပြင် အတင်းအကြပ်ဖမ်းဆီးမှု ၁၄ ကြိမ်နှင့် ရွာသားများအား လူသားဒိုင်းကာ သို့မဟုတ် ပေါ်တာအဖြစ် ခိုင်းစေ ခြင်း ၅ ကြိမ်လည်းပါဝင်သည်[၂၁]။ တိုက်ပွဲများနှင့် လူမဆန်သည့် လုပ်ရပ်များကြောင့် နောက်ထပ် ရွာသား ၅,၀၀၀ ကျော် အိုးအိမ်စွန့်ခွာ ထွက်ပြေးရပြီး[၂၂] ၂၀၂၂ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလအတွင်း ရွာသား ၂ ဦး အသတ်ခံရကာ ၁၅ ဦး ဒဏ်ရာရသွားသည်[၂၃]။

စစ်ပွဲအတွင်း အဓမ္မပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်စော်ကားမှုကို လက်နက်သဖွယ်အသုံးပြု နေသည်ကိုလည်း KWAT မှ မှတ်တမ်းတင်ထားသည်။ ၂၀၂၂ ခုနှစ် ဧပြီလ ၁၂ ရက်နေ့က ကွတ်ခိုင်မြို့နယ်တွင် စစ်အာဏာရှင် တပ်သားများက နေ့ခင်းကြောင်တောင်မှာပင် အသက် ၅၀ အရွယ် အမျိုးသမီးတဦးအား မုဒိန်းပြုကျင့်ရန် ကြိုးစားခဲ့သည်[၂၄]။ စစ်သားများမှ မုဒိန်းကျင့်ရန် ကြိုးပမ်းစဉ် အော်ဟစ် အကူအညီ တောင်းခဲ့ပြီး ရိုက်နှက်ခံရသော်လည်း အမျိုးသမီးသည် ထွက်ပြေးလွတ် မြောက်အောင် ကြိုးစားနိုင်ခဲ့သည်။ ရွာသားများက တိုင်တန်းသည့်အတွက် အမျိုးသမီးအား မြန်မာငွေကျပ် ၁ သိန်း (အမေရိကန်ဒေါ်လာ ၅၃ ခန့်) စစ်တပ်မှ ပေးလျော်ခဲ့သည်။ ကံမကောင်းအကြောင်းမလှစွာပင် ထိုသို့ဖြစ်ရပ်များ တသီတသန်း ဖြစ်ပွားလေ့ရှိသော်လည်း စစ်သားများမှာ တာဝန်ယူ၊ တာဝန်ခံမှုမှ ရှောင်ရှားနေကြပြီး စစ်တပ်ကလည်း အကာအကွယ်ပေးထားသည်။

KWAT နှင့်အတူ ကချင်ပြည်နယ် အခြေစိုက် လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ မှတ်တမ်းများအရ စစ်တပ်၏ အရပ်သားပြည်သူများအပေါ် စစ်ဆင်တိုက်ခိုက်မှုနှင့် အာဏာရယူလိုမှုအကြား အရပ်သားပြည် သူများ မှာ တရားမျှတမှုကင်းမဲ့စွာ ပိတ်မိနေကြသည်။



**ဓာတ်ပုံ –** ကွတ်ခိုင်အနီးရှိ စစ်ပြေးဒုက္ခသည်စခန်းအား စစ်တပ်မှ လက်နက်ကြီးဖြင့် ပစ်ခတ်၍ အမျိုးသမီး ၃ ဦးသေဆုံးပြီး အမျိုးသား ၁ ဦး ဒဏ်ရာရရှိသွားသည်။ Credit: Kachin News Group

၁၉။ "New Threats from the Air: human rights violations by SAC forces in Kachin and northern Shan State, November 2021 - April 2022," The Kachin Women's Association Thailand, June 2022

၂၀။ Ibid | 21. Ibid | 22. Ibid | 23. Ibid | 24. Ibid



# ကရင်ပြည်နယ်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် အနည်းဆုံး ပြည်သူ ၁၇၀,၀၀၀ ခန့် အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရသည်။ ကရင်ပြည်နယ်၊ KNU ထိန်းချုပ်နယ်မြေရှိ အပြစ်မဲ့ပြည်သူများမှာ စစ်တပ်၏တမင်တကာ ပစ်မှတ်ထား တိုက်ခိုက်ခြင်း ခံနေရသည်။ ND-Burma အဖွဲ့ဝင် မွန်ပြည် လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM) ၏ မှတ်တမ်းများအရ နေရပ်စွန့်ခွာ ထွက်ပြေးလာသူဦးရေ များပြားလာနေသည်။ အထူးသဖြင့် ကော့ကရိတ်မြို့နယ်တွင် စစ်တပ်၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ၂၀၂၂ခုနှစ် ဧပြီလကုန်တွင် နောက်ထပ် အရပ်သား ၁၃,၀၀၀ ကျော် အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရသည်[၂၅]။

လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းနှင့် လေကြောင်းမှ တိုက်ခိုက်မှု အမြောက်အများဖြစ်နေသည်။ ၂၀၂၂ ခုနှစ် ဧပြီလ ၄ ရက်နေ့က ကော့ကရိတ်မြို့နယ်တွင် စစ်အာဏာရှင်တို့၏ ခလရ ၉၇ မှ အမြောက်ဖြင့် ပစ်ခတ် တိုက်ခိုက်ရာ အသက် ၁၇နှစ်အရွယ် မိန်းကလေးတဦး ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံသို့ ပို့နေစဉ် သေဆုံးသွားသည်။ HURFOM မှတ်တမ်းများအရ အခြား ၄ ဦးမှာ ပြင်းထန်သည့် ဒဏ်ရာများရသွားသည်[၂၆]။

ဝေဟင် မြေပြင်တို့မှ ဒါဇင်နှင့်ချီတိုက်ခိုက်သဖြင့် ကရင်ပြည်သူများမှာ လွတ်လွတ်လပ်လပ် နေထိုင်၍ မရတော့ပေ။ စစ်အာဏာရှင်တပ်များ၏ ရမ်းသမ်းပစ်ခတ်မှုမှ ကာကွယ်ရန် ထောင်နှင့်ချီသည့် ရွာသားများ တောတွင်းဂူများထဲနှင့်[၂၇] ကိုယ်တိုင်ပြင်ဆင်ထားသည့် ကတုတ်ကျင်းများတွင် နေထိုင်ရသည်။ ထိုသို့ ဖိုးကြဲတိုက်ခိုက်နေခြင်းကြောင့် စစ်အာဏာရှင်တို့ ကျူးလွန်နေသည့် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ပြစ်မှုများ ရပ်ဆိုင်းစေရေးအတွက် မြန်မာနိုင်ငံအား နိုင်ငံတကာရာဇဝတ်ခုံရုံးသို့ အမြန်ဆုံး လွှဲပြောင်းပေးရန် ကရင်အမျိုးသမီးအစည်းအရုံး (KWO) မှ ကြေငြာချက်ထုတ် တောင်းဆိုခဲ့သည်[၂၈]။

အပြစ်မဲ့ပြည်သူများအပေါ် ရမ်းသမ်းပစ်ခတ်ခြင်းအပြင် ရွာသားများအသုံးပြုနေသည့် အဓိကလမ်းမကြီးပေါ်ရှိ စစ်ဆေးရေး စခန်းများတွင်လည်း စစ်ဆေးခံကြရသည်။ တင်းကြပ်စွာ စစ်ဆေးခံရပြီးနောက် ရွာသားများ၏ ပိုင်ဆိုင်မှုများ အထူးသဖြင့် သူတို့၏ ဖုန်းထဲတွင် ဒီမိုကရေစီလှုပ်ရှားမှုအား ထောက်ခံသည်ဟု အထောက်အထားများ တွေ့ရှိလျှင် သိမ်းဆည်းခံရသည်။ 'ရှောင်တခင် တားဆီးရှာဖွေခြင်း' စစ်ဆင်ရေးအ တွင်းဒေသခံများ၏ မော်တော်ဆိုင်ကယ် အစီးရေ ရာကျော် မတရားသိမ်းပိုက်ခံရပြီး ကျပ်ငွေ သန်းနှင့်ချီ၍ ခြိမ်းခြောက် တောင်းယူခြင်း ခံရသည်ဟု HURFOM အစီရင်ခံစာအရ သိရသည်။

၂၅။ Monthly Overview: Human Rights Situation in Mon State, Karen State and Tanintharyi region April 2022, The Human Rights Foundation of Monland

၂၆။ "There's a Crisis Unfolding in Southeastern Myanmar", The Diplomat, 22 April 2022

၂၇။ "Burned Homes and Hiding in Caves: 10,000 Villagers Flee Burma Army," Free Burma Rangers, 3 May 2022

၂၈။ "Farmers in Myanmar's Kayin State Face Indiscriminate Attacks," Voice of America, 19 May 2022

လက်စတုန်း ဖျောက်ဖျက်ခံရမှုများ များပြားလာပြီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများမှာ တိုက်ခိုက်ခံနေရပြီး နိုင်ငံတွင်းမှ ထွက်ပြေးတိမ်းရှောင်နေရသည်။ ထို့ပြင် စောင့်ကြည့်နေမှုများလည်း ရှိသည်။ HURFOM ၏ မှတ်တမ်းများအရ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသမှ ပြည်သူများမှာ အမြဲတစေ စိုးရိမ် ထိတ်လန့်စွာဖြင့် မည်သည့် အကာအကွယ်ပေးမှုမရှိ၊ လုံခြုံမှုကင်းမဲ့၍ တရားဥပဒေ စိုးမိုးမှုမရှိဘဲ နေထိုင်ကြရသည်[၂၉]။

မြန်မာစစ်အာဏာရှင်တို့နှင့် ပတ်သက်ပြီး KUN၏ သဘောထားမှာ ရှင်းလင်းပြတ်သားသည်။ စစ်အာဏာရှင်တပ်များ လေးကေကော်နှင့် ကော့ကရိတ်မြို့နယ်တောင်ပိုင်းမှ သုံးရက်အတွင်း ဆုတ်ခွာသွားရန် KNU မှ ၂၀၂၂ ခုနှစ် မတ်လ ၇ ရက်နေ့တွင် စာပို့ခဲ့သည်[၃၀]။ စစ်တပ်မှ ဆုတ်ခွာသွားပါက အမျိုးသမီးနှင့် ကလေးငယ် များ အပါအဝင် မိသားစုဝင်များ အိမ်ပြန်နိုင်၍ အေးချမ်းစွာ နေထိုင်မည်ဖြစ်သည်။ သို့သော်လည်း စစ်တပ်မှ ဆုတ်ခွာရန် ငြင်းဆိုခဲ့သည်။ လက်ရှိ မတည်မငြိမ်မှုများအောက်တွင် ရာသီဥတုဆိုးရွားမှုကြောင့် စစ်ပြေး ဒုက္ခသည်များအတွက် တပူပေါ် နှစ်ပူဆင့်စေသည်။ စစ်တပ်မှ တရားမဲ့စွာဖြင့် နေအိမ်များနှင့် အသက်မွေး ဝမ်းကျောင်း လုပ်ငန်းများကို ဖျက်ဆီးနေပြီး ရွာသားများ နေ့စဉ်သွားလာ၊ လုပ်ကိုင်နေသည့် လမ်းများပေါ်တွင် မိုင်းများထောင်ထားသည်ဟု KNU မှ တရားသဖြင့် စွပ်စွဲထားသည်[၃၁]။

ကရင်ပြည်နယ်တွင် အာဏာရှင်တပ်များ တိုးချဲ့ချထားသဖြင့် အိမ်နီးချင်း ထိုင်းနိုင်ငံရှိ အာဏာပိုင်များသည် ကြီးမားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို အလေးအနက်ထား ကိုင်တွယ်ဖြေရှင်းပေးနိုင်ခြင်း မရှိပေ[၃၂]။ ၂၀၂၂ ခုနှစ် အစတွင် ထိုင်းဝန်ကြီးချုပ် ပရာရွတ်ခန်အိုချာက မြန်မာစစ်ပြေးဒုက္ခသည်များအား ပြန်ပို့ မည်မဟုတ်ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးသံအရာရှိ နိုလန်းဟေဇာအား ကတိပေးပြောဆို သော်လည်း[၃၃] ထိုင်းအာဏာပိုင်များက စစ်ပြေးဒုက္ခသည်များအား ကရင်ပြည်နယ်သို့ ပြန်သွားရန် ဖိအားပေးကြသည်[၃၄]။

၂၀၂၂ ခုနှစ် မေလ မိုးဦးရာသီအစတွင် ရေကြီးမှုများဖြစ်ပွားပြီး လုံခြုံရာတိမ်းရှောင် ခိုလှုံရသည့် စစ်ပြေးဒုက္ခသည်များ အထူးသဖြင့် စစ်အာဏာရှင်တပ်များနှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တပ်များအကြား ဆိုးရွား ပြင်းထန်သည့် တိုက်ပွဲများကြောင့် ထွက်ပြေးလာသူများအတွက် အခြေအနေ ပိုမိုဆိုးရွားစေသည်။ HURFOM ၏ အရေးပေါ် အကူအညီပေးရေး ကွန်ရက်များ၏ အစီရင်ခံမှုအရ သောင်ရင်းမြစ်ကမ်းပါးတွင် ယာယီခိုလှုံနေကြသည့် စစ်ပြေးဒုက္ခသည်များသည်မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အမိုးအကာရရှိရန်နှင့် ရိက္ခာပြတ်လတ်နေကြသည်။ မြစ်ရေတဖြည်းဖြည်းတိုးလာသဖြင့် မြစ်ကမ်းပါး တလျှောက်ရှိ ယာယီခိုလှုံရာ တဲများနှင့် ဆန်အိတ်များရေစိုကုန်သည်။

> **လူသားချင်းစာနာသည့် အခြေခံဖြင့် ဆောင်ရွက်ပေး နိုင်ခြင်းမရှိသည့် ထိုင်းအာဏာပိုင်များသည် ဆိုးရွားသည့် မြေပြင်အခြေအနေနှင့် စစ်အာဏာရှင်တပ်များက လူထုအား ထိခိုက်အောင် တိုက်ခိုက် နိုင်စွမ်းကိုလည်း နားလည်သဘောပေါက်မှုလည်း မရှိပေ။**

၂၉။ Ibid
၃၀။ "KNU Gives Burma Army Three Days to Withdraw from its Territories," Karen News, 12 March 2022
၃၁။ Ibid
၃၂။ "Burma Army Planning Large Scale Offensive Against Combined Karen Forces – Displaced People Fear Forced Return from Thailand," Karen News, 24 January 2022
၃၃။ "Prayut: No forced return for Myanmar refugees" Bangkok Post, 17 January 2022
၃၄။ "Myanmar refugees receive little relief at Thai border," Al Jazeera, 21 January 2022

ND–Burma အဖွဲ့ဝင် HURFOM ၏ အစီရင်ခံမှုအရ ဒူးပလာယာခရိုင် တောင်ပိုင်းရှိ အာဏာရှင်တပ်များက ရွာ ၇ ရွာအား ပစ်မှတ်ထားကာ မော်တာဖြင့်အနည်းဆုံး အချက် ၅၀ ခန့် ပစ်ခတ်ခဲ့သည်။ ဇွန်လ ၂၉ မှ ၃၀ အထိ ပစ်ခတ်ခဲ့ပြီး ဆေးမှူးများက မြေ ပြင်တွင် အရေးပေါ် ကုသပြုစုမှုပေးနေရသဖြင့် ထိခိုက် ပျက်စီးဆုံးရှုံးမှု အတိအကျကို ချက်ခြင်းသိရှိနိုင်ခြင်း မရှိပေ။ KNU ၏ အဆိုအရ အနည်းဆုံး ရွာသား ၅၀၀ ခန့် အိုးအိမ် စွန့်ခွာထွက်ပြေးရပြီး ပဲခူးအရှေ့ခြမ်း ကျောက်ကြီးမြို့နယ်ရှိ တိုက်ပွဲများကြောင့် နောက်ထပ် ပြည်သူ ၁၀,၀၀၀ ခန့် နောက်အပတ်အကုန်တွင် ထပ်မံရောက်ရှိလာမည်ဟု သိရသည်[၃၅]။ စစ်အာဏာရှင်တို့၏ မရပ်မနား လေကြောင်း တိုက်ခိုက်မှုကြောင့် အနည်းဆုံး အရပ်သား ၁၃ ဦး သေဆုံးခဲ့သည်။ နိုင်ငံတကာ အသိုင်းအဝိုင်းမှ ကြားဝင် ဟန့်တားရန်နှင့် လေယာဉ်ဆီ တင်ပို့မှုအပေါ် ကန့်သတ် အရေးယူရန် မဆိုင်းမတွပင်တောင်းဆိုကြသည်[၃၆]။

တိုက်ခိုက်မှုများကြောင့် ထွက်ပြေးလာသည့် ရွာသားများ၏ အဆိုအရ တနေ့တွင်းပင် လေကြောင်းမှ တိုက်ခိုက်မှု ဒါဇင်နီးပါးရှိသည်။ စစ်အာဏာရှင်တပ်များသည် ကရင်တော်လှန်ရေးတပ်ဖွဲ့များနှင့် တိုက်ပွဲ ပြင်းထန် စွာဖြစ်ပွားနေသည့်အတွက် အရပ်သားပြည်သူများ တိုက်ပွဲကြား ပိတ်မိနေပြီး စစ်ကူဖြည့်တင်းရန် ပြင်ဆင် နေရသည်။




**ဓာတ်ပုံ –** ဇွန်လ ၂၅–၂၆ တိုက်ပွဲအတွင်း စစ်တပ်မှ လက်နက်ကြီးဖြင့် ပစ်ခတ်၍ ပဲခူးတိုင်းအရှေ့ခြမ်း ကျောက်ကြီးမြို့နယ်မှ ဒေသခံတို့၏ အိမ်များ ပျက်စီး၍ ထောင်နှင့်ချီ၍ အိုးအိမ်စွန့်ခွာ ထွက်ပြေးရသည်။
Credit: Myanmar Now

၃၅။ “KNU says over 10,000 displaced by Myanmar junta shelling,” Myanmar Now, 28 June 2022
၃၆။ “AT LEAST 13 VILLAGERS KILLED IN ESCALATING ATTACKS IN KAREN STATE – STATEMENT BY THE INTERNATIONAL KAREN ORGANISATION,” International Karen Organization, 1 July 2022



# ကယား(ကရင်နီ) ပြည်နယ်

ကယား (ကရင်နီ) ပြည်နယ်ရှိ ပြည်သူလူထုအပေါ် လူသားချင်းစာနာမှုများမှာ ချွတ်ခြုံကျနေပြီး ပြင်းထန် ရက်စက်သည့် တိုက်ပွဲများကြောင့် ပို၍ မသေခြာ မရေရာသည့် အနာဂတ်ကို ဖြစ်ပေါ်စေသည်။ ကယား(ကရင်နီ)ပြည်နယ်တွင် ကျူးလွန်သည့် ရာဇဝတ်မှုများကြောင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကိုပါ ပြုတ်ပြုတ်ပြုန်းစေသည်။ စစ်အာဏာရှင်တို့သည် ပြည်သူလူထု လိုအပ်နေသည့် ရိက္ခာများ မရရှိစေနရန် တားဆီးနေပြီး အိုးအိမ်များကို မီးရှို့ကာ လူမျိုးတုန်းသတ်ဖြတ်မှုကို ကျူးလွန်နေသည်ဟု ကရင်နီလူ့အခွင့်အရေးအဖွဲ့ (KnHRG) မှ ကြေငြာသည်[၃၇]။ မြန်မာစစ်တပ်နှင့် ဒေသခံတော်လှန်ရေးအဖွဲ့များအကြား တိုက်ပွဲများဆက်လက်ဖြစ်ပေါ်နေ၍ ဒီမောဆိုမြို့နယ်ရှိ အဓိကလမ်းမကြီး သုံးလမ်းအပါ အဝင်လမ်းများပိတ်ဆို့နေသည်။ ကရင်နီအမျိုးသား ကာကွယ်ရေးတပ် (KNDF) ၏ အဆိုအရ စစ်အာဏာရှင်တို့သည် တနေ့လျှင် လက်နက်ကြီး အလုံး ၁၀၀ ခန့် ပစ်ခတ်နေသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီတွင် KnHRG ၏ ထုတ်ပြန်မှုအရ စစ်အာဏာရှင်တပ်များက ကရင်ပြည်နယ်ရှိ အရပ်သား နေထိုင်ရာဒေသများသို့ ပစ်မှတ်ထားတိုက်ခိုက်၍ ၆ ဦးသေဆုံးသွားသည်[၃၈]။ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၈ နှင့် ၉ ရက်နေ့များတွင်စစ်အာဏာရှင်များက လွိုင်ကော်မြို့နယ်အား မြေပြင်ဝေဟင်မှ တိုက်ခိုက်သဖြင့်မြို့နယ်ရှိ လူဦးရေ ထက်ဝက်ခန့် အိုးအိမ် စွန့်ခွာထွက်ပြေးရသည်။ စစ်ရဟတ်ယာဉ်များက KNDF စခန်းများကို တိုက်ခိုက်ရာ အရပ်သား ၅ ဦးသေဆုံးပြီး ဒဏ်ရာပြင်းထန်စွာ ရသွားသူများလည်း ရှိသည်[၃၉]။ ဒေသခံ သတင်းမီဒီယာများ၏ ဖော်ပြချက်အရ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် အာဏာရှင်များက လေကြောင်းမှ ၈ ကြိမ်တိုက်ခိုက်ခဲ့သည်[၄၀]။ ၂၀၂၂ ခုနှစ် မတ်လတွင် ထုတ်ပြန်သည့် KnHRG ၏ သုံးလပတ် အစီရင်ခံစာတွင် “စစ်အာဏာရှင်တို့သည် ပျက်စီးပြိုပျက်လုနီးပါး အခြေအနေကို ဆက်လက်ထိန်းသိမ်းရန် ကရင်နီပြည်သူများအား စနစ်တကျ သတ်ဖြတ် နေသည်” ဟု ဖော်ပြထားသည်[၄၁]။

ထို့အပြင် ကရင်နီ စစ်ပြေးဒုက္ခသည်စခန်းများမှာလည်း လေကြောင်းမှ ပစ်မှတ်ထား တိုက်ခိုက်ခံနေရသည်[၄၂]။ ၂၀၂၂ ခုနှစ် ဇန်နဝါလ အစောပိုင်းတွင် အသုဘအိမ်အား လက်နက်ကြီးဖြင့် ပစ်ခတ်ပြီးနောက် အရပ်သားများအား ဒရုန်းဖြင့် တိုက်ခိုက်သည်ဟု KnHRG ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်[၄၃]။ ခမရ ၁၀၂ မှလည်း ၁၂၀ မမ အမြောက်နှင့် ၈၁ မမ မော်တော်တို့ဖြင့် ပစ်ခတ်ခဲ့သည်။ မည်သူတဦးတယောက်မျှ ထိခိုက် ဒဏ်ရာမရရှိသော်လည်း အာဏာရှင်တို့သည် အပြစ်မဲ့ ပြည်သူများအား မည်သည့်အတိုင်းအတာထိ ရက်ရက်စက်စက် ဗုံးကြဲတိုက်ခိုက်နေသည်ကို ပြသနေသည်။

---

၃၇။ “KnHRG Director Banyar: Military Is Committing Genocide In Karenni State” Kantarawaddy Times, 16 March 2022
၃၈။ “The World Must Know,” The Network for Human Rights Documentation – Burma, 9 February 2022
၃၉။ Ibid
၄၀။ Ibid
၄၁။ “Karenni Human Rights Group Quarterly Briefer,” January to March 2022
၄၂။ “Junta Fighter Jets Attack Funeral In Karenni State,” Kantarawaddy Times, 16 February 2022
၄၃။ Ibid




**ဓာတ်ပုံ –** စစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် ဒေသခံများ၏ အိုးအိမ်နှင့် ပိုင်ဆိုင်မှုများ။
Credit: Kantarawaddy Times

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် နန်းမယ်ခုန် ရွာအား လေကြောင်းမှ တိုက်ခိုက်သဖြင့် အရပ်သားများ နောက်ထပ် ဗုံးကြဲတိုက်ခိုက်ခံရပြီး ထောင်နှင့်ချီ၍ အိုးအိမ်စွန့်ခွာ ထွက်ပြေးရပြန်သည်[၄၄]။ တိုက်ပွဲများ ကြောင့် လူသားချင်းစာနာသည့် အကူအညီများ လိုအပ်လျှက်နေပြီးသား အခြေအနေကို ပို၍ဆိုးစေသည်။ ပြည်နယ်တွင်းလူဦးရေ ၃၀၀,၀၀၀ အနက် လူဦးရေ ၂၀၀,၀၀၀ အတွက် လူသားချင်းစာနာသည့် အကူအညီများ အရေးပေါ် ကူညီထောက်ပံ့ရန် လိုအပ်နေသည်[၄၅]။ ကရင်နီပြည်နယ်တခုတည်းတွင်ပင် လူဦးရေ၏ သုံးပုံနှစ်ပုံကျော်မှာ အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရသည်[၄၆]။ ကရင်နီပြည်နယ်တွင်း အနည်းဆုံး ၄၂ ဦးမှာ ဖမ်းဆီးခံရပြီးနောက် ထိန်းသိမ်းခံရခြင်း သို့မဟုတ် ပျောက်ဆုံးနေသည် [၄၇]။

ကရင်နီပြည်နယ်နှင့် နယ်စပ် ရှမ်းပြည်တောင်ပိုင်းရှိ ဖယ်ခုံမြို့နယ်သည်လည်း စစ်အာဏာရှင်တို့၏ အပြင်းအထန် ထိုးစစ်ဆင်မှုကို ခံရသည်[၄၈]။ စစ်ပြေးပြည်သူများမှာ ရှမ်းပြည်တောင်ပိုင်းသို့ ခိုလှုံရောက်ရှိ ကြသော် လည်း စစ်ပြေးဒုက္ခသည်စခန်းနှင့် ယာယီခိုလှုံရာ နေရာတို့မှာ တိုက်ခိုက်ခံနေရသည်။

ကရင်နီအရပ်ဖက်အဖွဲ့အစည်းများကွန်ရက် (KCSN)၏ အဆိုအရ ၂၀၂၂ ခုနှစ် မေလလယ်မှစ၍ စစ်အာဏာရှင်တို့က နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးကို တိုးမြှင့်ခဲ့ရာ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းအပါအဝင် ကြောက်မက်ဖွယ် ရက်စက်ကြမ်းကြုတ်မှုများကို ကျူးလွန်ကြသည်[၄၉]။ ဗုံးကြဲတိုက်ခိုက်ခြင်းမှ လွတ်မြောက်လာသူများမှာလည်း ဆေးရုံသို့ သွားရာလမ်းများ ပိတ်ဆို့ခံထားရခြင်း နှင့် ဆေးဝါးထောက်ပံ့မှုများ ရရှိရန် ခက်ခဲခြင်း စသည့် ရွေးချယ်စရာ အကန့်အသတ်နှင့် ကြုံတွေ့ရသည်။ တိုင်းရင်းသား ကျန်းမာရေးစောင့်ရှောက်သူများမှာလည်း အထူးသဖြင့် အဟာရချို့တဲ့နေသည့် လူဦးရေ အတွက် ၎င်းတို့ဝန်ဆောင်မှုပေးနိုင်မည့် အနေအထားထက် ကျော်လွန်သည့် ကွာဟချက်ကို ကြိုးစားဖြည့် ဆည်းပေးနေရသည်။ တိုက်ပွဲများမှာ နည်းပါးသွားမည့် လက္ခဏာမရှိသဖြင့် အမျိုးသမီး၊ ကလေးနှင့် သက် ကြီးရွယ်အိုများမှာ ၎င်းတို့အတွက် အခြေခံလိုအပ်ချက်များ ချို့ငဲ့မှုနှင့် ကြုံတွေ့

၄၄။ “Myanmar Air Force Launches More Air Strikes in Kayah State,” The Diplomat, 25 February 2022
၄၅။ “Half of Kayah State capital flees in face of military airstrikes,” DVB English, 10 January 2022
၄၆။ “BURMA COUP WATCH FOR THE MONTH OF APRIL 2022:” Not satisfied with metaphor, junta tries to burn Burma down” ALTSEAN BURMA, 5 May 2022
၄၇။ “Karenni Human Rights Group Quarterly Briefer,” January to March 2022
၄၈။ “Myanmar Junta Reinforcements Spark Heavy Attacks,” The Irrawaddy, 19 May 2022
၄၉။ “May 9- May 22, 2022 Summary of SAC human rights violations in Karenni State and Pekhon Township,” Karenni Civil Society Network, 27 May 2022

နေရသည်။ ဇွန်လ ဒုတိယ ပတ်တွင် ကရင်နီပြည်နယ် တဝှမ်း လူဦးရေ ၂၀၀, ၀၀၀ ကျော် အိုးအိမ် စွန့်ခွာ ထွက်ပြေးနေရသည်[၅၀]။

အရပ်သားများမှာ တိုက်ပွဲများကြား အကြီးအကျယ် ပိတ်မိနေကြပြီး ရိက္ခာနှင့် အမိုးအကာ အပါအဝင် လူ သားချင်းစာနာသည့် အကူအညီများ ဖြတ်တောက်ခံနေရသည်။ အာဏာရှင် တပ်များ က ဒေသခံပြည်သူများ အသက်ရှင်ရပ်တည်ရေးအတွက် လိုအပ်သည့် ပစ္စည်းများကို ပုံမှန်ယူငင်နေ ကြ၍ ပြည်သူများအား ဒုက္ခအ တိရောက်စေသည်။ ကရင်နီ ကျန်းမာရေးလုပ်သားများမှာ ပြည်နယ် လူဦးရေ၏ ၃၀ ရာခိုင်နှုန်းထံ အကူအညီ များရောက်စေရန် ကြီးမားသည့် အခက်အခဲ အဟန့်အတား များကြားမှ လုပ်ဆောင်နေရသည်[၅၁]။ ပဋိပက္ခအ တွင်း လူသားချင်းစာနာသည့် မူဝါဒများမှာ ငြင်းပယ် ခံနေရပြီး စစ်အာဏာရှင်တို့၏ အလေးမထားမှုကြောင့် ထိခိုက်နစ်နာ အလွယ်ဆုံးသောသူများမှာ မ တရားသည့် အကျိုးဆက်များကို ခံစားနေရသည်။

ကရင်နီပြည်သူများမှာ မကြုံဖူးလောက်သည့် အရေအတွက်ဖြင့် အိုးအိမ်စွန့်ခွာ ထွက်ပြေး နေရပြီး နေရပ် ရင်း ပြန်ရန်လည်း စိုးရိမ်ကြောက်ရွံ့နေရသည်။ ဒေသခံကျေးရွာများ အပါအဝင် အဆောက်အဦး ရာနှင့်ချီ၍ အာဏာရှင်တို့၏ မီးရှို့ဖျက်ဆီးခြင်း ခံနေရသည်။ ထို့အပြင် အာဏာရှင် တပ်များက အရပ်သားများ နေထိုင်ရာအနီး အထူးသဖြင့် တိုက်ပွဲဖြစ်ပွားရာအနီးတွင် ထောင်ထား သည့် မိုင်းများအားလည်း မရှင်းလင်းခဲ့ပေ။ ရွာသားများ၏ အိုးအိမ်များ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းနှင့် ပိုင်ဆိုင်မှုများအား စစ်တပ်မှ ခိုးယူ၊ မတရားသိမ်းဆည်း၊ ဖျက်ဆီးခြင်း ခံနေရသည်။

## မွန်ပြည်နယ်

မွန်ပြည်နယ်ရှိ ပြည်သူလူထုမှာ စစ်အာဏာရှင်တို့ ခန့်ထားသည့် အုပ်ချုပ်ရေးမှူးများ၏ စီမံခန့်ခွဲမှုညံ့ဖျင်း ခြင်းနှင့် အကြမ်းဖက်မှုများ ခံနေရသည်။ ဒေသခံများအပေါ် ခြိမ်းခြောက် ငွေညှစ်ခြင်း၊ အတင်းအဓမ္မဖမ်း ဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းတို့ကို ND–Burma အဖွဲ့ဝင် HURFOM မှ မှတ်တမ်း တင် ထားသည်။



စစ်တပ်၏ ပြစ်ဒဏ်ကင်းလွတ်ခွင့် ဓလေ့၏ ဝန်ထုတ်ဝန်ပိုး ကို သယ်ဆောင်ရသည့် အရပ်သားများမှာ ပင်ပင် ပန်းပန်း ရုန်းကန် ရသည်။ စီးပွားရေး ဖရိုဖရဲဖြစ်မှု၊ တိုက်ပွဲများ အတောမသတ် များပြားလာခြင်းနှင့် စစ်တပ် သည် အရပ်သားများထံမှ ကိုယ်ချင်း စာမှုမရှိပဲ ငွေညှစ်တောင်းခံနေသည့်အတွက်ဖြစ်သည်။ ၂၀၂၂ ခုနှစ် ဧပြီ လ ၁၈ မှ ၂၄ ရက်နေ့အတွင်း အရပ်သားများ၏ ပိုင်ဆိုင်မှုများ အား လုံခြုံရေးဂိတ်များက သိမ်းဆည်းခဲ့သည့် ဖြစ်ရပ် ၅၀ ကျော် ကို HURFOM မှ မှတ်တမ်းတင်ထားသည်။ ထို့အပြင် မြန်မာကျပ် ငွေ သန်း ၆၀ ကျော် ခိုး ယူခံရပြီး မော်တော်ဆိုင်ကယ် သိမ်းဆည်း ခံရမှု ၂၃ မှုဖြစ်ပွားခဲ့သည်[၅၂]။

---

၅၀။ "June 6-June 19, 2022 Summary of SAC human rights violations in Karenni State and Pekhon Township," Karenni Civil Society Network, 23 June 2022

၅၁။ "KSCC Can't Provide Medicine For Majority Of Karenni State," Kantarawaddy News, 28 April 2022

၅၂။ Monthly Overview: Human Rights Situation in Mon State, Karen State and Tanintharyi region April 2022, The Human Rights Foundation of Monland

စစ်တပ်အရာရှိများက မြေယာသိမ်းဆည်းသဖြင့်ဒေသခံများ မြေယာလက်လွတ်ရပြီး ၎င်းတို့၏ အိုးအိမ်နှင့် အသက်မွေး ဝမ်းကျောင်း လုပ်ငန်းများပါ ခြိမ်းခြောက်ခံနေရသည်။ မွန်ပြည်နယ်အုပ်ချုပ်ရေးဌာနနှင့် မြေစာရင်းဦးစီးဌာနသည် စစ်တပ်၏ လေယာဉ်းကွင်းနှင့် ရေနက်ဆိပ်ကမ်း စီမံကိန်းအတွက် ၎င်းတို့၏ မြေယာများအား အတင်းအကြပ် သိမ်းဆည်းနေကြောင်း မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ ရွာသားများက ၂၀၂၂ ခုနှစ် မေလ ၂၅ ရက်နေ့တွင် တိုင်ကြား ခဲ့သည်။ မေလ ၂၀ မှ ၂၄ ရက်အတွင်း မြေစာရင်းဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဌာန (ထွေအုပ်) သည် ကျိုက်ရွဲနှင့် ပိုင်ကမာ ရွာများရှိ မြေယာပိုင်ရှင်များအား တစုံတရာ အသိ ပေးခြင်း မရှိဘဲ မှတ်တိုင် ၁၈ ခုကို စိုက်ထူခဲ့သည်။ ထိုသို့ အကြမ်းဖက်မှုများသည်အရပ်သားများ၏ အခြေခံလွတ် လပ်ခွင့်ကို ထိခိုက်စေသည့် အစဉ်လိုက် တိုက်ခိုက်နေမှု၏ နောက်ဆုံးအခြေအနေ တရပ်သာဖြစ်သည်။

နွေဦးတော်လှန်ရေးတွင် ကျရာအခန်းမှ ပါဝင်ခဲ့သူများအားလည်း ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားခြင်းဖြင့် ဒီမိုကရေစီ လှုပ်ရှားမှုအား စစ်အာဏာရှင်တို့က မထီမဲ့မြင် ပြုနေသည်။ စစ်အာဏာရှင်တို့ မွန်ပြည်နယ်တွင် ခန့်ထားသည့် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြား ရေးမှူးသည် စစ်အာဏာရှင်တို့ ထိန်းချုပ်မှုအောက်တွင် မရှိသည့် ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းနှင့်ခာတ်ခွဲခန်းများတွင် အလုပ်လုပ်နေသည့် ဆရာဝန်နှင့် ကျန်းမာရေးဝန် ထမ်းများကို CDM လှုပ်ရှားမှုနှင့် ဆက်နွယ်ပြီး မေးမြန်း စစ်ဆေးနေသည်။ HURFOM မှတ်တမ်းများအရ CDM လုပ်သည့် ကျန်းမာရေးဝန်ထမ်းများ ဖမ်းဆီးခံရသည့် ဖြစ်ရပ် ၁၅ ခုရှိသည်။ ဇွန်လတွင် မွန်ပြည်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ ကျန်းမာရေးဝန်ထမ်း အနည်းဆုံး ၂၀ ခန့် ဒီမိုကရေစီရေး လှုပ်ရှားမှုတွင် ပါဝင်မှုကြောင့် ရာထူးမှ ထုတ်ပယ်ခံရသည်[၅၃]။

တော်လှန်ရေးသမားများအတွက် လုံခြုံရေး ခြိမ်းခြောက်ခံနေရသော်လည်း ဒီမိုကရေစီရေးအတွက် မဆုတ် မနစ်သော သံန္နိဋ္ဌာန်ဖြင့် ဆက်လက်တိုက်ပွဲဝင်နေကြသည်။ စစ်အာဏာသိမ်းပြီးနောက် မွန်ပြည်နယ်ရှိ အစိုးရဝန်ထမ်းအများအပြား အလုပ်ထွက်ကြစဉ်တွင် စစ်အာဏာရှင်အောက် ဆက်လက်အလုပ်လုပ်ရန် ရွေးချယ်ကြသူများသည် စစ်တပ်၏ အကြမ်းဖက်မှုများကြောင့် မတည်မငြိမ်ဖြစ်နေသည့် အခြေအနေတွင် ဆက်လက် အလုပ်လုပ်ရန် စိတ်ပါဝင်စားမှုမရှိတော့ဘဲ အလုပ်မှနှုတ်ထွက်လိုနေကြသည်[၅၄]။ စစ်အာဏာရှင် တို့အား ၎င်းတို့ဖွင့်လှစ်ထားသည့် ကျောင်းများကို မတက်ရောက်ဘဲ ဆက်လက်ဆန္ဒပြခြင်းဖြင့် မွန်ပြည်နယ် ရှိ တက္ကသိုလ်ကျောင်းသားများမှာ စစ်အာဏာရှင်တို့အား လက်မခံ အရေးမစိုက်ကြောင်း ပြသကြသည်[၅၅]။

မွန်ပြည်နယ်တွင် စစ်အာဏာရှင်တို့က ဝင်ရောက်စီးနင်း ဖမ်းဆီးမှုများရှိ နေ့စဉ်တွင် လက်နက်ကြီး လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်၍ နေသဖြင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးလာသူ ဦးရေများပြားလာသည်။

၂၀၂၂ ခုနှစ် ဧပြီလ ၁၁ ရက်တွင် HURFOM ၏ သတင်းပေးပို့မှုအရ ရေးမြို့နယ်၊ လမိုင်းမြို့နယ်ခွဲ မော့ကနင် ကျေးရွာမှ ရွာသားနှစ်ဦးသည် သံဖြူဇရပ်မြို့နယ်သို့ အသွား အာဏာရှင်တပ်များ၏ ရမ်းသမ်းပစ်ခတ်မှုကြောင့် ရင်ဘတ်နှင့် ဦးခေါင်းတို့တွင် ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားသည်[၅၆]။

၅၃။ "June Monthly Overview: Human Rights Situation in Mon State, Karen State and Tanintharyi region," The Human Rights Foundation of Monland, 1 July 2022

၅၄။ "Most government staff want to quit their jobs" The Human Rights Foundation of Monland, 24 May 2022


၅၅။ "Mon National College popular among Mon communities: Mon university students boycott junta-controlled universities," The Human Rights Foundation of Monland, 19 May 2022

၅၆။ Monthly Overview: Human Rights Situation in Mon State, Karen State and Tanintharyi region April 2022, The Human Rights Foundation of Monland

မွန်ပြည်နယ်တွင် အတင်းအဓမ္မဖမ်းဆီးမှုနှင့် လက်စတုန်းဖျောက်ဖျက်ခံရမှုများ များ ပြားလာသည်။ သထုံမြို့နယ်မှ အရပ်သားတဦးသည် ၂၀၂၂ ခုနှစ် မေလ ၁၇ ရက် ဖမ်းဆီးခံရစဉ်မှစ၍ ပျောက်ဆုံးနေသည်ဟု မိသားစုဝင်များ၏ အပြောအရ သိရသည်။ မွန်ပြည်နယ်၊ သထုံမြို့နယ် ဒဲဘရင်းရွာမှ အသက် ၄၅ နှစ်ရှိ ကိုဇေယျာလင်း အား ဒေသခံတော်လှန်ရေးအဖွဲ့များနှင့် ဆက်နွယ်မှုရှိသည်ဟု အထောက်အထားမဲ့ စွပ်စွဲဖမ်းဆီးခဲ့ခြင်း ဖြစ်သည်[၅၇]။ စစ်တပ်၏ ဖမ်းဆီးခံရသူ အများစုသည် ပေါ်တာအဖြစ် အတင်းအဓမ္မစေခိုင်းခံရပြီး စစ်အာဏာရှင်တပ်သားများအတွက် လူသားဒိုင်းကာအဖြစ်အလည်း အသုံးချခံရသည်။

မွန်ပြည်နယ်တွင် နိုင်ငံရေးအရ တင်းမာမှုများ ဆိုးရွားလာပြီး ကုန်စျေးနှုန်းများ တစတစ တက်လာသည့်အတွက် ရာဇဝတ်မှုများ ထူပြောလာပြီး များပြားလာသည့် ခိုးယူမှုနှင့် ဖောက်ထွင်းမှုများအားလည်း မနှိမ်နင်းနိုင်ဘဲ ရှိနေသည်။ ၂၀၂၂ ခုနှစ် မတ်လ တလတည်းတွင်ပင် မော်တော်ဆိုင်ကယ် ၆၃ စီးကျော်မှာ စစ်အာ ဏာရှင်တို့၏သိမ်းဆည်းခြင်းခံရပြီး ကျပ်ငွေ ၂၇ သန်းကျော် (အမေရိကန်ဒေါ်လာ ၁၄,၆၀၀ ခန့်) အတင်းအကြပ် ငွေညှစ်သိမ်းဆည်းခြင်းခံရသည်[၅၈]။

အရပ်သားများသည် ပစ်မှတ်များ မဟုတ်ပါ။ အရပ်သားများအပေါ် ပစ်မှတ်ထား တိုက်ခိုက်ခြင်းသည် နိုင်ငံတကာ လူ့အခွင့်အရေးစာချုပ် အတော်များများနှင့် လူသားချင်းစာနာသည့် ဥပဒေကို ချိုးဖောက်ခြင်း ဖြစ်သည်။ မွန်ပြည်နယ်တွင် ဝရုန်းသုန်းကား အခြေအနေနှင့် အကြမ်းဖက်မှုတို့ကြောင့် အကြီးအကျယ် ထိခိုက် ၍ ကသောင်းကနင်းဖြစ်နေပြီး ဒေသခံပြည်သူတို့မှာ ငြိမ်းချမ်းမှုကို လိုအားတောင့်တ ရှာဖွေနေပြီး ၎င်းတို့ ၏ နေ့စဉ်လူနေမှုဘဝကို တိုက်စားနေသည့် အကြမ်းဖက်မှုများကိုလည်း ရပ်တန့်စေလိုကြသည်။



## မကွေးတိုင်းဒေသကြီး

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ရက်နေ့မှစပြီး မကွေးတိုင်းဒေသကြီးတွင် စစ်အာဏာရှင်တို့က အိမ်ပေါင်း ၇၀၀ ကျော် ဖျက်ဆီးခဲ့သည်[၅၉]။ စစ်အာဏာရှင်တပ်များက ဒေသတွင်းရှိ တော်လှန်ရေးတပ်ဖွဲ့များကို ချေမှုန်းရန် ကြိုးပမ်းခဲ့ရာ အရပ်သားရာနှင့်ချီ၍ ဖမ်းဆီးခံရသည်။ ရွာသားများသည် စစ်တပ်၏ စီးနင်းမှုမှ လွတ်မြောက်အောင် ထွက်ပြေးကြ ပြီး ဘာသာရေး အဆောက်အဦးများတွင် ခိုလှုံကြသော်လည်း ဘုန်းကြီးကျောင်းနှင့် ဘုရားကျောင်းများမှာလည်း အာဏာရှင်တပ်များ၏ ပစ်မှတ်ထား တိုက်ခိုက်မှု ခံရသဖြင့် လုံခြုံမှု မရှိပေ။


အရပ်သားများ၏ နေအိမ်များမှာ စစ်မြေပြင်အဖြစ် ပြောင်းလဲသွားသည်။ ၂၀၂၂ ခုနှစ် မေလ ၁၀ ရက်နေ့တွင် စစ်အာဏာရှင်တပ်များသည် ရွာသုံးရွာအား ဆက်လိုက်မီးရှို့ တိုက်ခိုက်ကြသည်[၆၀]။ နေအိမ်များ မီးလောင် ပြာကြသွား၍ ရွာသားများ အိုးအိမ်စွန့်ခွာ ထွက်ပြေးရသည်။ ၂၀၂၂ ခုနှစ် မေလ ၁၃ ရက် နောက်ပိုင်းတွင် မြိုင်မြို့နယ်ရှိ ကျေးရွာတရွာအား စစ်တပ်မှ လက်နက်ကြီးဖြင့် ပစ်ခတ်သဖြင့် ရွာသား ၃ ဦး သေဆုံးသွားသည်[၆၁]။ တိုက်ပွဲများကြောင့် အရပ်သား ထောင်ချီ၍ အိုးအိမ်စွန့်ခွာ ထွက်ပြေးရပြီး ယခင်က အခြေချခဲ့ သည့် နေရာများမှာ လုံးဝပျက်စီးသွားခဲ့ပြီဖြစ်သည်။ မကွေးတိုင်းဒေသကြီး တခုတည်းတွင်ပင် စစ်အာဏာ ရှင်တို့က ရွာသားအနည်းဆုံး ၁၅၅ ဦးကို သတ်ဖြတ်ခဲ့ပြီး ၆၅၀ နီးပါး ဖမ်းဆီးခဲ့သည်[၆၂]။

---

၅၇။ HURFOM Fieldnotes
၅၈။ Monthly Overview: Human Rights Situation in Mon State, Karen State and Tanintharyi region March 2022, The Human Rights Foundation of Monland
၅၉။ "Myanmar's Magway region suffers under military's March offensive," Radio Free Asia, 1 May 2022
၆၀။ "Myanmar military carries out systematic arson attacks on Yesagyo villages," Myanmar Now, 11 May 2022
၆၁။ "Three civilians killed by artillery shell as Magway villages come under heavy fire," Myanmar Now, 17 May 2022
၆၂။ "Deaths and arrests rise in Myanmar's heartland," Radio Free Asia, 10 May 2022

အာဏာရှင်တပ်များက အရပ်သားများနေထိုင်ရာ ဒေသများအတွင်း မြေမြှုပ်မိုင်းများ ထောင်ထားသည့်အတွက် ရွာသားများအတွက် အန္တရာယ် အကြီးအကျယ်ရှိနေသည်။ ၂၀၂၂ ခုနှစ် ဇွန်လ ၁၉ ရက်နေ့တွင် ဂန့်ဂေါမြို့နယ်အတွင်း မပေါက်ကွဲသေးသည့်ဗုံးနှင့် ကလေး ၂ ဦး ကစားနေစဉ် အဆိုပါဗုံးပေါက်ကွဲ၍ ၎င်းတို့ ၂ ဦး လုံး သေဆုံးသွားသည်[၆၃]။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် စစ်တပ် အာဏာသိမ်းပြီးချိန်မှစ၍ စစ်တပ်၏ လက်ချက်ဖြင့် ဒါဇင်နှင့်ချီ၍ သေဆုံးခဲ့သည့် ကလေးများအကြား အဆိုပါ ကလေး ၂ ဦးမှာလည်း အပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူးသံအရာရှိ ၏ အစီရင်ခံစာအရ စစ်အာဏာရှင်တို့သည် မျိုးဆက်သစ်များ၏ ရှင်သန်မှုကို ခိုးယူနေသည်ဟု ဖော်ပြထားသည်[၆၄]။

အရပ်သားများအပေါ် ပစ်မှတ်ထား တိုက်ခိုက်မှုများ များပြားလာသည့်အတွက် စိုးရိမ်ကြောက်လန့်မှုနှင့် တင်းမာမှုများကို ဖြစ်ပေါ်စေသည်။ အရပ်သားများသည် အိမ်ပြန်ရန် စိုးရိမ်နေကြပြီး လွတ်မြောက်ရာခိုလှုံနေစဉ်တွင် အနိမ့်ဆုံး အခြေခံလိုအပ်ဖြင့်သာ ရပ်တည်နေကြရသည်။ လူ့အခွင့်အရေးအဖွဲ့အစည်းများက သက်သေအထောက် အထား အမြောက်အများဖြင့် စစ်အာဏာရှင်တို့ စစ်ရာဇဝတ်မှု ကျူးလွန်သည်ဟု တင်ပြ အစီရင်ခံနေလင့်ကစား ၎င်းတို့ကမူ ကျူးလွန်မှုများအတွက် တာဝန်ယူ တာဝန်ခံရန် ငြင်းဆန်လျက်ရှိသည်။



## စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီးသည် စစ်အာဏာရှင်တို့၏ အကြမ်းဖက်မှုကို သိသိသာသာ ဆိုးဆိုးရွားရွား ခံနေရ သည့် ဒေသတခုဖြစ်သည်။ အမျိုးသမီး၊ ကလေးနှင့် သက်ကြီးရွယ်အိုများအပါအဝင် အပြစ်မဲ့ပြည်သူများမှာ တိုက်ပွဲများအကြား ပိတ်မိနေကြသည်။ အာဏာရှင်တို့၏ စီးနင်းခြင်းနှင့် လူမဆန်စွာ တိုက်ခိုက်ခြင်းကြောင့် ရွာသားများ၏ အိုးအိမ်နှင့် ဘဝရှင်သန်မှုမှာ အမြစ်ဖြုတ်ခြင်းခံနေရသည်။ အစီရင်ခံသည့် ကာလအတွင်း ဒါဇင်နှင့်ချီသည့် ရွာသားများ အသတ်ခံရပြီး အိမ်ခြေရာနှင့်ချီ၍လည်း မီးလောင်ပြာကျခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးတွင် အရပ်သားများကို ဆက်လက်ပစ်မှတ်ထားလျက်ရှိသည်။ ကျူးလွန်ခံရသူနှင့် အသက်ရှင်ကျန် လွတ်မြောက်လာသူများမှာ ခက်ခဲပင်ပန်းစွာခံစားကြရပြီး ၎င်းတို့အား တရားမဝင်သည့် နည်းမျိုးစုံဖြင့် ညှဥ်းပန်းနှိပ်စက်ကြသည်။

အရပ်သားပြည်သူများမှာ ထောင်ခြောက်တွင်း ပိတ်မိနေကြပြီးစစ်အာဏာ ရှင်တပ်များ၏ ထိုးစစ်ဆင် တိုက်ခိုက်မှုကြောင့် ထိခိုက်နစ်နာ အလွယ်ဆုံးသူများထံ လူသားချင်းစာနာသည့် အကူအညီများ မရောက်ရှိဘဲ အခြေအနေကို ပို၍ဆိုးစေသည်။ စစ်ကိုင်းတိုင်းဒေသကြီးရှိ အရပ်သားပြည်သူများနှင့် ရပ်ရွာအသိုင်းအဝိုင်းအား စစ်အာဏာရှင်တို့မှ အကြိမ်ကြိမ် တိုက်ခိုက်ကျူးလွန်မှုအတွက် မျက်မြင်သက်သေနှင့် ကျူးလွန်ခံရသူ များက တရားမျှတမှုနှင့် ပြန်လည်ကုစားပေးလျော်မှုကို ရှာဖွေနေကြသည်။ ကြမ်းကြုတ် ရက်စက်မှုများ လျော့ပါးသွားခြင်းမရှိကြောင်း ဒေသခံများက ပြောဆိုသည်[၆၅]။ မြေပြင် ဝေဟင်တို့မှ တိုက်ခိုက်မှုများ ဆက်ရှိနေပြီး အရပ်သားပြည်သူများ၏ နေ့စဉ်ဘဝအပေါ် ထပ်ကာ ထပ်ကာ ရိုက်ခတ်လျက်ရှိသည်။ ကျူးလွန်ခံရသူများ၏ သက်သေခံမှုများအရ ၎င်းတို့၏ အိုးအိမ်များနှင့် ကျေးရွာများမှာ ဒုတိယအကြိမ် ဖျက်ဆီးခံရခြင်း ဖြစ်သည်ဟု ညွှန်ပြနေသည်[၆၆]။

၆၃။ “Two children killed in explosion in Myanmar's Magway region,” Radio Free Asia, 21 June 2022
၆၄။ “A/HRC/50/CRP.1: Conference Room Paper of the Special Rapporteur, “Losing a Generation: How the military junta is attacking Myanmar’s children and stealing their future,” United Nations Office of the High Commissioner, 13 June 2022
၆၅။ “Troops burn villages in Myanmar heartland, seek to crush resistance,” Reuters, 14 April 2022
၆၆။ “Thousands of homes burned by soldiers in Myanmar’s Sagaing region,” Radio Free Asia, 5 May 2022



**ဓာတ်ပုံ –** ယင်းမာပင်မြို့နယ်မှ အိုးအိမ်စွန့်ခွာ ထွက်ပြေးရသူတဦး။ Credit: The Irrawaddy

စစ်အာဏာရှင်တို့၏ စစ်ယာဉ်တန်းများက ကျေးရွာများအား အညှာအတာ ကင်းမဲ့စွာ တိုက်ခိုက်နေပြီး အပြစ်မဲ့ပြည်သူများ၏ အခြေခံအခွင့်အရေးများကို ချိုးဖောက်နေသည့်အတွက် အရေးပေါ် တုန့်ပြန်ဆောင် ရွက်ရန် အကြီးအကျယ် လိုအပ်နေသည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ တလတည်းတွင်ပင် နိုင်ငံတဝှမ်း ပြည်သူ ၅၀, ၀၀၀ ကျော် ၎င်းတို့၏ အိုးအိမ်များ စွန့်ခွာ ထွက်ပြေးကြရသည်။ ဆက်လက်ခုခံနေမှုနှင့် စစ်အာဏာရှင် စနစ်ကို ဖြုတ်ချရန် တော်လှန်နေသည့် ဒေသခံအဖွဲ့များ၏ အောင်မြင်သည့် တိုက်ခိုက်မှုများကြောင့် စစ်ကိုင်းတိုင်းဒေသကြီးသည် အကြီးအကျယ် ပစ်မှတ်ထားခံနေရသည်။

အရပ်သား ပြည်သူ သေဆုံး၊ ဒဏ်ရာရမှုနှင့် ပစ္စည်းဥစ္စာများ ဖျက်ဆီးခံရမှုတွင် စစ်ကိုင်းတိုင်းဒေသကြီးသည် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများထက် သိသိသာသာ ပို၍ များပြားသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါ ရီလမှစပြီး တနိုင်ငံလုံးရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး ၉ ခုတွင် ကျေးရွာပေါင်း ၁၃၆ ရွာမှ အနည်းဆုံး အိမ် ခြေ ၃, ၃၇၉ လုံး မီးရှို့ဖျက်ဆီးခံရသည်[၆၇]။ စစ်ကိုင်းတိုင်းဒေသကြီးတွင် အိမ်ခြေ ၁,၄၀၀ ကျော် မီးရှို့ဖျက်ဆီး ခံရကာ[၆၈] ရွာသား ၆,၀၀၀ နီးပါး အသတ်ခံရသည်[၆၉]။ ပြည်သူများအား ရက်စက်ကြမ်းကြုတ်ပြီး မတရား အာဏာရယူထားသည့် စစ်အာဏာရှင်တို့အနေဖြင့် ဒေသခံ တော်လှန်ရေးတပ်ဖွဲ့များ၏ အောင်မြင်မှုအား အမျက်ထွက်နေမည်ဖြစ်သည်။ စစ်အာဏာရှင်တို့သည် ၎င်းတို့ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် သက်ဆိုင်သည့် သက်သေများ ဖုံးကွယ်ထားရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးရှိ ဒါဇင်နှင့်ချီသည့် မြို့နယ်များ အထူး သဖြင့် တော်လှန်ရေးတပ်ဖွဲ့များ စိုးမိုးထားသည့် နယ်မြေများတွင် အင်တာနက်ဖြတ်တောက်ထားသည်[၇၀]။

---

၆၇။ "Nearly 40 civilians killed in 10 days by military in Myanmar's Sagaing," Radio Free Asia, 9 February 2022
၆၈။ Ibid
၆၉။ "Over 5,600 Civilians Killed Within a Year of the Coup," The Institute for Strategy and Policy – Myanmar, 14 May 2022
၇၀။ "Myanmar Regime Cuts Phone, Internet Access in Resistance Stronghold Sagaing," The Irrawaddy, 24 May 2022

တိုင်းပြည်တဝှန်း စစ်အာဏာရှင်တို့၏ စစ်ဆင်ရေးများ ရှုံးနိမ့်နေသည့်အတွက် တပ်များတိုးချဲ့၍ လေကြောင်း တိုက်ခိုက်မှုများ များလာသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် အမျိုးသမီးနှင့် ကလေးများ အပါအဝင် ရွာသား ၄၀ ခန့်အား အာဏာရှင်တပ်များက လူသားဒိုင်းကာများအဖြစ် အသုံးပြုခဲ့သည်[၇၁]။ စစ်ကိုင်းတိုင်းဒေသကြီးတွင် အရပ်သားများအပေါ် ပုံမှန် အကြမ်းဖက်တိုက်ခိုက် နေခြင်းဖြစ်သည်။ မြေပြင်ဝေဟင်တို့မှ အကြောင်းမဲ့တိုက်ခိုက်ခြင်းကြောင့် ဒေသတွင်း လုံခြုံမှုကင်းမဲ့လျှက်ရှိသည်။ ညှဉ်းပန်းနှိပ်စက်မှုကိုလည်း စစ်အာဏာရှင်တို့က ဗိုလ်ကျစိုးမိုးလိုသည့် နည်းလမ်းအဖြစ် ကျင့်သုံးနေသည်။

၂၀၂၂ ခုနှစ် ဇွန်လ ၂၈ ရက်တွင် ညောင်ပင်သာရွာရှိ အမျိုးသား ၅ ဦးမှာ လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်ခြင်းခံရသည်[၇၂]။ လူငယ် ၁ ဦးအပါအဝင် အမျိုးသမီး ၅ ဦးမှာ ကနဦး ဖမ်းဆီးခံရသည်။ အမျိုးသားများမှာ သတ် ဖြတ်ခံရပြီး ချောင်းဦးမြို့နယ်တွင် ၎င်းတို့ ရုပ်ခန္ဓာများကို မီးရှို့ထားခဲ့သည်။ မီးလောင်ထားသည့် ရုပ်ခန္ဓာများ ၏ မျက်နှာနှင့် ဦးခေါင်းတို့တွင် သေနတ်ဒဏ်ရာများ တွေ့ရှိကြသည်။ ရွာသားများလည်း ဖမ်းဆီးခံရကာ လူသားဒိုင်းကာအဖြစ် အသုံးချခံရပြီး စစ်တပ်အတွက် လက်နက်နှင့် ရိက္ခာများ ထမ်းပိုးပေးကြရသည်[၇၃]။ ၎င်း တို့အနက် ပစ္စည်းများ မသယ်နိုင်တော့သူ အချို့မှာ ပစ်သတ်ခံရသည်။

တန့်ဆည်မြို့နယ်တွင်း ကိုယ်ထိလက်ရောက်ကျူးလွန်မှုအဖြစ် စစ်တပ်မှ ၂၀၂၂ ခုနှစ် မတ်လတွင် ဝင်ရောက် စီးနင်းစဉ်ထွက်ပြေးလာသည့် ဆယ်ကျော်သက် မိန်းကလေးတဦးသည် ပေါင်နှင့် ရင်ဘတ်တွင် ပစ်ခတ်ခံခဲ့ ၍ သေဆုံးသွားပြီး[၇၄] အဖွားအိုတဦးမှာလည်း ထွက်မပြေးနိုင်သည့်အတွက် မီးရှို့ခံရသည့် သူမ ၏ အိမ်အ တွင်းမှာပင် မီးလောင် သေဆုံးသွားသည်။ ယခုအစီရင်ခံသည့် ကာလတလျှောက် စစ်ကိုင်းတိုင်းဒေသကြီး တွင် အိုးအိမ်ရာနှင့်ချီ၍ မြန်မာစစ်တပ်၏ မီးရှို့ခြင်းခံရပြီး ဒါဇင်နှင့်ချီသည့် အပြစ်မဲ့ ပြည်သူများလည်း ဖမ်းဆီးခံရသည်။ လွတ်မြောက်လာသူများမှာလည်း ဒဏ်ရာပြင်းထန်စွာ ရရှိ၍ စိတ်ဒဏ်ရာများ ခံစားနေရသည်။


ထို့အပြင် ၂၀၂၂ ခုနှစ် ဇွန်လ ၂၀ ရက်တွင် စစ်အာဏာရှင်တို့က လေကြောင်းမှ တိုက်ခိုက်သည့်အတွက် ဒေသခံပြည်သူ ထောင်နှင့်ချီ၍ ယင်းမာပင်မြို့နယ်သို့ အိုးအိမ်စွန့်ခွာ ထွက်ပြေးကြရသည်[၇၅]။ တိုက်ခိုက်မှုအတွင်း အရပ်သား ၂ ဦး ဒဏ်ရာရပြီး ဒါဇင်နှင့်ချီသည့် အိမ်များ မီးလောင်ပြာကျသွားသည်။ စစ်ကိုင်းတိုင်း ဒေသကြီးနှင့် တိုင်းပြည်တဝှန်း စစ်အာဏာရှင်တို့မှ အရပ်သားများကို အကြီးအကျယ်ပစ်မှတ်ထား တိုက်ခိုက်နေပြီး ဆက်လက်၍ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေကြသည်။

စစ်ကိုင်းတိုင်းဒေသကြီးရှိ တော်လှန်ရေးတပ်ဖွဲ့များမှာလည်း အပြင်းအထန် ပစ်မှတ်ထား တိုက်ခိုက်ခံနေရသည်။ အသက် ၂၀ ဝန်းကျင်ရှိ လူငယ် ၃ ဦးမှာ အိမ်သို့ ပြန်လာစဉ် စစ်အာဏာရှင် လက်အောက်ခံ ရဲတပ် ဖွဲ့များ၏ ဖမ်းဆီးခြင်းခံရသည်[၇၆]။ လူငယ် ၃ဦးသည် စစ်အာဏာရှင်အား ဆန့်ကျင်နေသည့် အဖွဲ့များထံ ဝင် ရောက်ရန်ပြင်ဆင်နေသည့် အထောက်အထားများတွေ့ရှိပြီး အသတ်ခံလိုက်ရသည်။ ၎င်းတို့၏ ရုပ်ခန္ဓာများကို ရဲစခန်းနှင့် မနီးမဝေးတွင် တွေ့ရှိရသည်။ ထိုဖြစ်ရပ်နှင့် ဆက်စပ်၍ စစ်တပ်က ဒေသခံ PDF ခေါင်း ဆောင်များကို ရှာဖွေနေချိန်တွင် အရပ်သားများ ဖမ်းဆီးနှိပ်စက်ခဲ့သည်[၇၇]။ ခန့်မှန်းခြေ အရပ်သား ၁၅ ဦးအား စစ်အာဏာရှင်တပ်များက ဘုန်းကြီးကျောင်းသို့ ဖမ်းဆီးခေါ်ဆောင်သွားပြီး စစ်ဆေးမေးမြန်း၍ ညှဉ်းပန်းနှိပ်စက်ကြသည်[၇၈]။ ထိုသို့ အကြမ်းဖက် ကျူးလွန်မှုများသည် လူသားဖြစ်တည်မှုကို ဆန့်ကျင်သည့် ပြစ်မှုကျူးလွန်သော သက်သေများဖြစ်ပြီး စစ်အာဏာရှင်တပ်များက မည်သည့် အရေးယူ အပြစ်ပေးခံရခြင်း တစုံတရာမျှ မကြုံတွေ့ရဘဲ မရပ်မနား ကျူးလွန်နေခြင်းဖြစ်သည်။

---

၇၁။ “Soldiers use civilians as human shields during raid on PDF base in Sagaing region,” Myanmar Now, 11 January 2022
၇၂။ “Regime Slaughters Civilians In Sagaing Region,” Burma News International, 21 June 2022
၇၃။ Ibid
၇၄။ “Girl and elderly woman killed as junta raids continue in northern Myanmar,” Myanmar Now, 14 March 2022
၇၅။ “Thousands Flee Junta Artillery Strikes in Upper Myanmar,” The Irrawaddy, 22 June 2022
၇၆။ “Would-be resistance fighters arrested, killed by junta police in northwestern Myanmar,” Myanmar Now, 15 March 2022
၇၇။ “Sagaing villagers tortured by soldiers searching for PDF Leader,” Myanmar Now, 12 May 2022
၇၈။ Ibid

စစ်ကိုင်းတိုင်းဒေသကြီးတွင် စစ်အာဏာရှင်များ ကျူးလွန်နေသည့် စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်တည်မှု ကို ဆန့်ကျင်သည့်ပြစ်မှုများအတွက် စုံစမ်းစစ်ဆေးရန် အမြန်ဆုံး ထုတ်ပြန်ရမည်ဖြစ်သည်။ ထို့အပြင် စစ်ကိုင်းတွင် အပြင်းအထန် တိုက်ခိုက်နေသည့်အတွက် အရပ်သားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလည်း အကြီးအကျယ် ပျက်စီးစေသည်။ စစ်အာဏာရှင်တို့က လူထုအား ကြောက်ရွံ့ထိန်လန့်စေရန် နည်းလမ်းကို တမင်တကာ အသုံးပြု၍ တော်လှန်ရေးကို ပံ့ပိုးကူညီနေမှုမှ အာရုံပြောင်းလာစေရန်နှင့် ပြည် သူလူထုအနေဖြင့် အနိမ့်ဆုံး အခြေခံလိုအပ်ချက်ဖြင့်သာ အသက်ရှင်ရပ်တည်နိုင်အောင် လုပ်ဆောင်နေခြင်း ဖြစ်သည်။



## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်၏ လူ့အခွင့်အရေးအခြေအနေကို စောင့်ကြည့်နေသည့် ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင် (SHRF) က မြန်မာစစ်တပ်မှဆက်လက်ကျူးလွန်နေသည့် ရက်စက်ကြမ်းကြုတ်မှုများနှင့် ပတ်သက်ပြီး ***“အရပ်သားပြည်သူများကို ကာကွယ်ပေးရမည့်အစား လူ့အခွင့်အရေးချိုး ဖောက်နေသည့်အတွက် ပြည်သူတို့၏ ရန်သူ ဖြစ်လာနေသည်”*** ဟု ထုတ်ပြန်ကန့်ကွက်ခဲ့သည်[၇၉]။

အစီရင်ခံသည့်ကာ အစပိုင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့နယ်မှ အသက် ၄၄ နှစ်အရွယ် စစ်ပြေးဒုက္ခသည် လယ်သမားတဦးသည် ညှဉ်းပန်းနှိပ်စက်ခံရပြီး သေဆုံးသွားသည်ဟု SHRF မှ ဖော်ထုတ် အစီရင်ခံခဲ့သည်[၈၀]။ စစ်ထောက်လှမ်းရေးမှ မူးယစ်ဆေးဝါးရှာဖွေသည်ဟု ဆိုကာ အဆိုပါရွာသား၏ အိမ်သို့ဝင်ရောက်ရှာဖွေခဲ့သည်။ ၎င်းတို့ မည်သည့် အထောက်အထားမှ မတွေ့သည့်အခါ စိုင်းထွန်းဝင်း ကို ရိုက်နှက်ခဲ့သည်။ သူ၏ မိသားစုဝင်များမှာလည်း စစ်သားများ၏ ကိုယ်ထိလက်ရောက် ကျူးလွန်မှုခံရပြီး မြန်မာကျပ်ငွေ ၃၀, ၀၀၀ အပါအဝင် ပိုင်ဆိုင်မှုများ လုယက်ခြင်းခံရသည်[၈၁]။

မြန်မာနှစ်သစ်ကူး သင်္ကြန်ကာလတွင် စစ်အာဏာရှင်တပ်များက ရွှာင်မြို့နယ်ရှိ လူငယ် ၂ ဦးကို ပြန်ပေးဆွဲခဲ့ပြီး အိမ် ၂လုံးအားလုံး မီးရှို့ခဲ့သည်[၈၂]။ စစ်တပ်မှ ပြန်ပေးဆွဲ ခေါ်ဆောင်သွားသူ လူငယ်တဦးမှာ အသက် ၁၆ နှစ်သာ ရှိသေးသည်။ စစ်အာဏာရှင်တပ်များက တရားမဝင် အဓမ္မဖမ်းဆီးမှုများကို ဆက်လက်ကျူးလွန်နေဆဲဖြစ်သည်။ လူငယ်များ၊ PDF, CDM လှုပ်ရှားမှုနှင့် ဆက်နွယ်သူများမှာ ပစ်မှာထားခံနေရသည်။ ၂၀၂၂ ခုနှစ် ဧပြီလ ၉ ရက်နှင့် ၁၀ ရက်နေ့များတွင် နွားဘန်ဂျီ ၌ စစ်အာဏာရှင်တို့က ရွာသား ၈ ဦးနှင့်အတူ ကလေးတဦးအား အတင်းအဓမ္မဖမ်းဆီးခဲ့သည်[၈၃]။

---

၇၉။ “Burma Army Killing Civilians In Ywar Ngarn Township,” Shan Herald Agency for News, 16 May 2022
၈၀။ “Displaced farmer tortured to death “by mistake” by SAC MI officers in Kyaukme town, northern Shan State,” Shan Human Rights Foundation, 15 February 2022
၈၁။ Ibid
၈၂။ “Regime Kidnaps Youths After Burning Homes In Southern Shan State,” Burma News International, 20 April 2022
၈၃။ Ibid

၂၀၂၂ ခုနှစ် မေလ ၁၂ ရက်တွင် အာဏာရှင်တပ်များနှင့် ဒေသခံတော်လှန်ရေးတပ်ဖွဲ့များအကြား တိုက်ပွဲများ ကြောင့် ဖယ်ခုံမြို့နယ်ရှိ ဒေသခံများ အိုးအိမ်စွန့်ခွာ ထွက်ပြေးကြရသည်[၈၄]။ အာဏာရှင်တပ်များက တိုက်လေယာဉ်များ အသုံးပြုပြီး ဝေဟင်မှ တိုက်ခိုက်သလို မြေပြင်မှလည်း လက်နက်ကြီးဖြင့် ပစ်ခတ်သည်။ ဒေသခံများမှာ စစ်ပွဲကြောင့် နံနက်စောစော နိုးလာကြပြီး ၎င်းတို့ရွာ မီးလောင်ပြာကျနေသည်ကို တွေ့ကြရသည်။ တပ်ရင်း ၄၇၁ နှင့် ၃၃၆ တို့သည် လွိုင်ပေါင်ရွာနှင့် လာလေးရွာတို့ရှိ အိုးအိမ်ပိုင်ဆိုင်မှုများကို အဆက်မပြတ် လက်နက်ကြီးဖြင့် ပစ်ခတ်ကြသည်[၈၅]။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ရှမ်းပြည်မြောက်ပိုင်းရှိ ရွာသားများမှာ လေကြောင်းတိုက်ခိုက်မှုကြောင့် ထွက်ပြေးကြရသည်[၈၆]။ ထွက်ပြေးရသူ အများစုမှာ အမျိုးသမီးနှင့် ကလေးများဖြစ်ကြသည်။ အပြစ်မဲ့ပြည်သူများ အိုးအိမ်စွန့်ခွာထွက်ပြေးစေခြင်းဖြင့် စစ်တပ်သည် နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ဥပဒေများကို ချိုးဖောက်နေသည်။

ND-Burma အဖွဲ့ဝင် တအာင်းကျောင်းသားနှင့် လူငယ်များအဖွဲ့ (TSYU) ၏ တင်ပြမှုအရ ၂၀၂၂ ခုနှစ် မေလ ပထမပတ်တွင် ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့နယ်၊ မိုင်းယော်ဒေသမှ ခိုခမ်းကျေးရွာတွင် ပေါက်ကွဲမှုကြောင့် ရွာသား ၃ ဦး သေဆုံးပြီး ၉ ဦး ဒဏ်ရာ ရရှိသွားသည်။ ဒဏ်ရာရသူများထဲတွင် ကလေး ၃ ဦး ပါဝင် သည်။ ပေါက်ကွဲမှုမတိုင်မီက မြန်မာစစ်တပ်သည် အဆိုပါရွာအနီးတဝိုက်တွင် တလကြာ တပ်စွဲခဲ့သည်ဟု ဒေသခံမျက်မြင်တဦးက TSYU သို့ ပြောဆိုသည်။ ကစားနေစဥ် ဒဏ်ရာရမည်လား သေဆုံးမည်လား ဆို သည်ကို ကလေးများအနေဖြင့် တွေးပူ စိုးရိမ်ကြောက်လန့်နေကြသည်။ မိုင်းယော်အနီးတဝိုက်တွင် လက် နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ ဖြစ်သည့် တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA), မြန်မာအမျိုးသား ဒီမိုကရေစီမဟာမိတ် တပ်မတော် (MNDAA), ရခိုင့်တပ်မတော် (AA) နှင့် စစ်အာဏာရှင်တပ်များ လှုပ်ရှားနေကြသည်။

၂၀၂၂ ခုနှစ် အစပိုင်း ဇန်နဝါရီ ၅ ရက်နေ့တွင် နမ့်ခမ်းမြို့နယ်၊ စခန်းသစ်ကုန်းတွင် တပ်စွဲထားသည့် အာဏာရှင်တပ်မှ လက်နက်ကြီး လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်၍ ကလေး ၁ ဦးအပါအဝင် အရပ်သား ၆ ဦး ဒဏ်ရာရသွားသည့် ဖြစ်ရပ်အား တအာင်းအမျိုးသမီးအဖွဲ့ (TWO) မှ မှတ်တမ်းတင်ခဲ့သည်။

အကြီးအကျယ် ပျက်စီးဆုံးရှုံးမှုများကို ဖော်ပြထားသည့် မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် တွမ်အမ်ဒရူး၏ အစီရင်ခံစာတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ စစ်အာဏာရှင်တို့က ကလေးငယ် ဒါဇင်နှင့်ချီပြီး ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ပြီး ကလေးငယ်များ အသက်ရှင်သန် ရပ်တည် ခွင့်နှင့် ဂုဏ်သိက္ခာကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ဖော်ပြထားသည်[၈၇]။

ယာယီခိုလှုံရာ နေရာများပင် ပစ်မှတ်ထား တိုက်ခိုက်ခံနေရသည်။ စစ်တပ်၏ ကချင်ပြည်နယ်တွင်း ထိုးစစ်ကြောင့် ထွက်ပြေးလာပြီး ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်ရှိ စစ်ပြေးဒုက္ခသည်စခန်းတွင် ခိုလှုံနေသူများမှာ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခံရသည်။ ထိုသို့ စစ်ပြေးဒုက္ခသည်များအပေါ် ပစ်မှတ်ထား တိုက်ခိုက်မှုကြောင့် အမျိုးသမီး ၃ ဦး သေဆုံးသွားပြီး အမျိုးသား ၁ ဦး ဒဏ်ရာရသွားသည်[၈၈]။ ထိုသို့ လက်နက်ကြီး စခန်းတွင်း ကျရောက်ပေါက်ကွဲမှုကြောင့် စိုးရိမ်ထိတ်လန့် ကြောက်ရွံ့မှုများ ဖြစ်ပေါ်နေသည်။ ထိုသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ပြီးနောက် တိုက်ပွဲများ ပြန်ဖြစ်လာသည်။ ဒုက္ခသည်စခန်းမှာ လုံခြုံမှုမရှိဟု ယူဆကာ ရွာသားများသည် အနီးရှိ ဘုရားကျောင်းသို့ သွားရောက်ခိုလှုံကြသည်။ တော်လှန်ရေးအဖွဲ့အစည်းများ ပြင်းပြင်းထန်ထန် ခုခံနေသည့် ဒေသများသို့ စစ်အာဏာရှင်တပ်များ ပိုမိုတိုးချဲ့ ချထားသည်။

၈၄။ “Due to SAC Air Strikes and Shelling, Residents Fled Homes in Phaikhun,” Shan Herald Agency for News, 18 May 2022
၈၅။ “Displaced local witness ‘whole village’ burn following junta occupation in southern Shan State,” Myanmar Now, 18 May 2022
၈၆။ “Northern Shan State Villagers Flee Regime Airstrikes,” Shan Herald Agency For News, 16 February 2022
၈၇။ “UN expert releases new report documenting military junta's impact on Myanmar's children, urges immediate coordinated action to prevent “a lost generation” United Nations Human Rights Office of the High Commissioner, 14 June 2022
၈၈။ “Junta Attacks Displaced Camp Near Kutkai,” Kachin News, 22 June 2022

လူ့အခွင့်အရေးချိုးဖောက်မှုများ အတောမသတ် များပြားလာမှုနှင့်အတူ ရှမ်းပြည်နယ်ရှိ လူထုအတွက် လူသားချင်းစာနာသည့် အကူအညီများလည်း အရေးပေါ် လိုအပ်လျှက်ရှိနေသည်။ ၂၀၂၂ ခုနှစ် မတ်လကုန်တွင် ရှမ်းပြည်တောင်ပိုင်း၌ စစ်ပြေးဒုက္ခသည် ၅၀,၀၀၀ ကျော်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် ၆,၅၀၀ကျော် ရှိသည်[၈၉]။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီမှ ဧပြီအထိ အရပ်သားများအပေါ် ရက်ရက်စက်စက် တိုက်ခိုက်မှုကို မှတ်တမ်းတင်ထားသည့် SHRF ၏ အစီရင်ခံစာအရ ရွာသား ၁၀ ဦး အသတ်ခံရပြီး ၂၅ ဦး ဖမ်းဆီးခံရသည်[၉၀]။ အိမ် ၆ လုံး စီးနင်းခံရပြီး အိမ် ၇ လုံးမီးရှို့ခံရ၍ ပြာကျသွားကာ ရွာသား ၁,၀၀၀ ခန့် အိုးအိမ်စွန့်ခွာ ထွက်ပြေးရသည်[၉၁]။

ND–Burma ဆက်စပ်အဖွဲ့ဝင် ပအိုဝ်းလူငယ်အစည်းအရုံး (PYO) ၏ အစီရင်ခံစာအရ ရှမ်းပြည်တောင်ပိုင်း ဆီဆိုင်၊ ပင်လောင်း၊ ဟိုပုန်းနှင့် တောင်ကြီးမြို့နယ်များသို့ စစ်ပြေးဒုက္ခသည် အနည်းဆုံး ၂၀၀, ၀၀၀ ခန့် ထွက်ပြေး တိမ်းရှောင်ခဲ့သည်။ ထွက်ပြေးလာသူများအနေဖြင့် နေရပ်ရင်း ပြန်လိုသော်လည်း အခြေအနေမှာ မတည်ငြိမ်သေးဘဲ အာဏာရှင်တပ်များက ပြစ်ဒဏ်ကင်းလွတ်မှုဖြင့် ရာဇဝတ်မှုများ ဆက်လက်ကျူးလွန်နေသည်။ တိုက်ခိုက်မှုများကြောင့် ရွာသားများ၏ ခရီးသွားလာမှုအပေါ် တင်းကြပ်ခံရခြင်းနှင့် မြေမြှုပ်မိုင်း ထောင်ထားမှုများ များပြားလာ၍ အရပ်သား ထိခိုက်၊ သေဆုံးမှုများ ရှိနေသည်။ လူကုန်ကူးမှု အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများ အတောမသတ် တိုးမြင့်လာနေသည်။ အရပ်သားများအနေဖြင့် အခြေခံ ရိက္ခာ၊ အမိုးအကာ၊ သောက်ရေ၊ သန့်ရှင်းရေး ပစ္စည်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်အတူ အကာအကွယ်ပေးမှုများ လိုအပ်နေသည်။

တာဝန်ယူ၊ တာဝန်ခံမှု ကင်းမဲ့ခြင်းကို မြန်မာစစ်အာဏာရှင် တပ်များအတွင်း လေ့ကျင့်ပျိုးထောင်ဖွဲ့စည်း တည်ဆောက်ထားသည်။ ဆယ်စုနှစ်ပေါင်းများစွာ နစ်နာသူများနှင့် အသက်ရှင် လွတ်မြောက်လာသူများမှာ တရားမျှတမှုကို ငြင်းပယ်ခံနေရပြီး သို့မဟုတ် နှုတ်ဆိတ်နေစေရန် ခြိမ်းခြောက် ခံထားရသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်၍ သက်သေအထောက်အထားများ စုစည်းကာ နိုင်ငံတကာတရားစီရင်ရေး ယန္တယားများမှတဆင့် တရားမျှတမှုရရှိစေရေးအတွက် ND–Burma အဖွဲ့ဝင်များက ကြိုးပမ်းနေကြသည်။



**ဓာတ်ပုံ –** ရှမ်းပြည်တောင်ပိုင်းရှိ တိုက်ပွဲများကြောင့် အိုးအိမ်စွန့်ခွာလာရသူများ။
Credit: Burma News International

၈၉။ “Humanitarian aid for displaced people in Shan State,” Burma News International, 29 March 2022
၉၀။ “Extrajudicial killing, torture, arbitrary arrest, looting, torching of houses by SAC troops in Ywangan, southern Shan State, February-April, 2022,” Shan Human Rights Foundation, 11 May 2022
၉၁။ Ibid



# ရခိုင်ပြည်နယ်

ယခုအစီရင်ခံသည့် ကာလအတွင်း လူ့အခွင့်အရေးအခြေအနေများ ဆိုးရွားမြင့်တက်နေသည်။ ရခိုင်ပြည်နယ်သည် စစ်အာဏာရှင်တို့ ပစ်မှတ်ထားပြီး ပြင်းထန်သည့် ထိုးစစ်ဆင်၍ အကြမ်းဖက်မှုများ ကျူးလွန်ခံရသည့် ပြည်နယ်ဖြစ်သည်။ ၂၀၂၂ ခုနှစ် မေလဆန်းတွင် တိုက်ပွဲများ ပြန်ဖြစ်နေ၍ ၂ နှစ်ကြာ ရပ်နားနေသည့် တိုက်ပွဲများ ပြန်စမည်ကို ဒေသခံများ စိုးရိမ်နေကြသည်။ တင်းမာမှုများမြင့်တက်လာ၍ အထူးသဖြင့် စစ်အာဏာရှင်တပ်များက မွတ်စလင် ကျေးရွာများအား ပစ်မှတ်ထား၍ လူငယ်များကို မတရားဖမ်းဆီးနေသဖြင့် ပြည်နယ်တွင်းရှိ ပြည်သူများ စိုးရိမ်ကြောင့်ကြနေကြသည်။

၂၀၂၂ ခုနှစ် မေလ ၃၀ ရက်တွင် စစ်ပြေးဒုက္ခသည်များ ခိုလှုံနေသည့် စေတီဝင်းအတွင်း စစ်အာဏာရှင် တပ်များက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်[၉၂]။ ထိုသို့ မပစ်ခတ်မီ ရက်အနည်းငယ်ကလည်း စစ်ပြေးဒုက္ခ သည် စခန်းသို့ ပစ်ခတ်ခဲ့သဖြင့် စခန်းအတွင်း ၎င်းတို့၏ လုံခြုံရေးအတွက် အထူးစိုးရိမ်နေကြသည်။ ၂၀၂၂ ခုနှစ် မေလတွင်း မီးလောင်မှုကြောင့် ဒုက္ခသည်များ ခိုလှုံရာ အိမ် ၂၀၀ ကျော် မီးလောင်ပျက်စီးသွားသည်[၉၃]။ မေလကုန်တွင် ကျောက်တော်မြို့နယ်၌ အဖွားအိုတဦး မြေမြှုပ်မိုင်း နင်းမိ၍ သေဆုံးသွားသည်[၉၄]။

နိုင်ငံတကာအကြပ်အတည်း လေ့လာရေးအဖွဲ့(ICG) ၏ အစီရင်ခံစာအရ ရခိုင်ပြည်နယ်တွင် ရခိုင့်တပ်မတော်(AA) နှင့် မြန်မာစစ်တပ်တို့ တကျော့ပြန်အပြင်း အထန်တိုက်ပွဲ ဖြစ်ပွားပါက “အဆိုးရွားဆုံး အကြမ်းဖက်မှုများ ရခိုင်ပြည်နယ်တွင် တွေ့မြင်ရမည်” ဟု သတိပေးထားသည်[၉၅]။ အကယ်၍ ပြည်နယ်အတွင်းတိုက်ပွဲများ ဖြစ်ပွားပါက ရခိုင်ပြည်နယ်ရှိ ပြည်သူများ အပေါ် သက်ရောက်မှု ရှိမည်ဟုလည်း ဖော်ပြထားသည်။ ၂၀၁၈ ဒီဇင်ဘာလမှ ၂၀၂၀ နိုဝင်ဘာလအတွင်း ရခိုင် ပြည်နယ်ရှိ စစ်ပွဲများကြောင့် ပြည်သူလူထုမှာ တသီတသန်း ထပ်ကာ ထပ်ကာ တိုက်ခိုက်မှုများ၏ ဝါးမြိုမှု ခံကြရသည်။

မတရား အခမ္ဘဖမ်းဆီး ထိန်းသိမ်းမှုများ မြင့်မားလာရာ ၂၀၂၂ ခုနှစ် ဇန်နဝါရီမှ ဇွန်လအတွင်း ဖြစ်ရပ် ၁၇ ခုအား ND–Burma အဖွဲ့ဝင် ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC) မှ မှတ်တမ်းတင်နိုင်ခဲ့သည်[၉၆]။ အကြမ်းဖက်မှု အများစုကို စစ်တွေနှင့် မြောက် ဦးရှိ စစ်အာဏာရှင် လက်အောက်ခံ ရဲတပ်ဖွဲ့က ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ အရပ်သား ၅ ဦး သတ်ဖြတ်ခံရပြီး ၇ ဦး လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်ခံရသည့် ဖြစ်ရပ်များလည်း မှတ်တမ်းတင်ထားသည်[၉၇]။

AA နှင့် မြန်မာ့တပ်မတော်တို့အကြား ၂ နှစ်ကြာ တိုက်ပွဲအတွင်း အရပ်သား ၂၀၀, ၀၀၀ ကျော် အိုးအိမ်စွန့်ခွာ ထွက်ပြေးကြရသည်။ လူဦးရေ ထောင်ချီ၍ စစ်ပြေး ဒုက္ခသည်စခန်းများတွင် ဆက်လက် ရှိနေဆဲ ဖြစ်သည်[၉၈]။

၉၂။ “Myanmar military fires heavy artillery at IDP camps in northern Rakhine,” Myanmar Now, 1 June 2022
၉၃။ Ibid
၉၄။ “Elderly woman killed by landmine reportedly set by Myanmar military in northern Rakhine State,” Myanmar Now, 1 June 2022
၉၅။ “Resumption of conflict would put millions at risk in Myanmar's Rakhine State: report” Radio Free Asia, 1 June 2022
၉၆။ AASYC News Bulletin
၉၇။ Ibid
၉၈။ “Amid food insecurity, Arakan IDPs face landmine perils to survive,” Burma News International, 29 June 2022



# တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီတိုင်းဒေသကြီးတွင် အရပ်သားပြည်သူများမှာ စစ်အာဏာရှင်များကြောင့် အမျိုးမျိုးသော အခက်အခဲ စိန်ခေါ်မှု အသွယ်သွယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ တိုက်ပွဲများကြောင့် ထောင်နှင့်ချီ၍ အိုးအိမ်စွန့် ခွာထွက်ပြေးနေရပြီး စစ်သားများ တိုးချဲ့ချထားသည့်အတွက် ပြည်သူတို့အတွက် မလုံခြုံမှုကို ဖြစ်စေသည်။ ရွာသားများသည် မကြာခဏ အကြမ်းဖက် စစ်ဆေးမေးမြန်းခံရပြီး အတင်းအဓမ္မဖမ်းဆီး ခံရသည်။

စစ်အာဏာရှင်တို့က ဖြတ်သန်းဂိတ်များကို အသုံးချပြီး အရပ်သားများ၏ ငွေကြေးနှင့် တန်ဖိုးရှိ ပစ္စည်းများကို သိမ်းယူနေသည့်အတွက် ခရီးသွားလာမှုအပေါ် ထိန်းချုပ်ကန့်သတ်မှု များလာနေသည်။ ထိုသို့ မရေရာသည့် အခြေအနေများက စစ်အာဏာရှင်တို့ အနေဖြင့် ဥပဒေစိုးမိုးမှုကို ပိုမို၍ အလေးမထားမှုများ ပြသနေခြင်း ဖြစ်သည်။ အရပ်သားများ၏ အိုးအိမ်များကို စစ်အာဏာရှင်တို့က တမင်ရည်ရွယ်ချက်ဖြင့် မီးရှို့ကြပြီး ဖျက်ဆီး လုယက်နေကြသည်။

ယခုအစီရင်ခံသည့် ကာလအတွင်း တနင်္သာရီတိုင်းဒေသကြီးတွင် စစ်အာဏာရှင်တို့၏ ရမ်းသမ်း ပစ်ခတ်ခြင်းအပါအဝင် လူမဆန်သည့် လုပ်ရပ်များကို အကြီး အကျယ်ခံနေရသည်။ ဒေသခံ အဖွဲ့အစည်းများ၏ အဆိုအရ အနည်းဆုံး စစ်ပြေးဒုက္ခသည် ၉,၀၀၀ ခန့်မှာ တောတောင်များအတွင်း ပုန်းအောင်းနေရပြီး ရိက္ခာ နှင့် ဆေးဝါးများ အပူတပြင်း လိုအပ်နေသည်[၉၉]။ ၂၀၂၂ ခုနှစ် မေလ ၂၃ ရက်တွင် တနင်္သာရီမြို့နယ် တကူးနှင့် သရာပြင်ကျေးရွာတို့တွင် စစ်အာဏာရှင်တပ်များမှ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ရာ အ နည်းဆုံး အိမ် ၁၅ ဆုံးခန့် ပျက်စီးသွားကြောင်း ဖြင့် အိမ်ပျက်စီးသွားသူတဦးမှ HURFOM သို့ ပြောဆိုသည်[၁၀၀]။ ၂၀၂၂ ခုနှစ် မေလ ၂၁ ရက်တွင် စစ်အာဏာရှင်တပ်များက တကူးတွင် အိမ် ၂ လုံးနှင့် သရာပြင်တွင် အိမ် ၂ လုံးတို့ကို မီးရှို့ခဲ့သည်။ ထိုသို့ မတည်ငြိမ်သည့် အခြေအနေကြောင့် တိုင်းဒေသကြီး တဝန်းရှိ ပြည်သူလူထုမှာ စိုးရိမ်ကြောက်ရွံ့မှုများ တိုးလာနေသည်။

ဒေသခံတော်လှန်ရေးအဖွဲ့အစည်းများနှင့် ပါဝင်ပတ်သက်သည်ဟု သံသယဖြင့် မြန်မာစစ်တပ်က နှိမ်နင်းနေသည့်အတွက် မတရားဖမ်းဆီး ထိန်းသိမ်းမှုများ မြင့်တက်လာနေသည်။ ၂၀၂၂ ခုနှစ် ဧပြီလတွင် HURFOM ၏ အစီရင်ခံစာအရ တနင်္သာရီတိုင်းဒေသကြီး တခုတွင်ပင် ဖမ်းဆီးခံရသူ ၃၆ ဦး၊ ၅ ဦးအား ပြစ်ဒဏ်ချမှတ်ခဲ့ကာ ၁၆ ဦးအား အခြေအမြစ်မရှိဘဲ ထိန်းသိမ်းထားသည်ဟု ဖော်ပြထားသည်[၁၀၁]။ မြန်မာစစ်သားများ တိုးချဲ့ချထားသည့်အတွက် တိုင်းဒေသကြီးတွင် နေထိုင်သည့် ပြည်သူလူထုမှာ ပိုမို၍ စိုးရိမ် ထိတ်လန့် နေကြသည်။

---

၉၉။ “Monthly Overview: Human Rights Situation in Mon State, Karen State and Tanintharyi Region,” The Human Rights Foundation of Monland, April 2022

၁၀၀။ HURFOM Field Reports

၁၀၁။ “Monthly Overview: Human Rights Situation in Mon State, Karen State and Tanintharyi Region,” The Human Rights Foundation of Monland, April 2022

# မြန်မာနိုင်ငံ၏ တရားမျှတမှု အလားအလာ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစပြီး အကြမ်းဖက် စစ်အာဏာရှင်တို့ကြောင့် မြန်မာနိုင်ငံရှိ လူ့အခွင့်ချိုး ဖောက်မှုများ တိုးမြင့်လျှက်ရှိသည်။ အရပ်သားတို့၏ လုံခြုံမှုမှာ လျော့ပါးနေပြီး လက်နက်ကြီးဖြင့် ပစ်ခတ် တိုက်ခိုက်ခြင်းကြောင့် မတည်မငြိမ်မှုများ ပို၍ ဖြစ်ပေါ်စေသည်။ ပြဿနာရှိသည့် ပြစ်ဒဏ်ကင်းလွတ်ခွင့် ဓလေ့ပုံစံကြောင့် တရားမျှတမှု အလားအလာကို ထိခိုက်စေပြီး အရပ်သားများ လူမဆန်စွာ ပစ်မှတ်ထား တိုက်ခိုက်ခံနေရချိန်တွင် စစ်သားများမှာ တာဝန်ယူ တာဝန်ခံမှုမှ တိမ်းရှောင်နေကြသည်။

အသွင်ကူပြောင်းရေးဆိုင်ရာ တရားမျှတမှု၏ ဒေါက်တိုင် ၄ ခုအဖြစ် အမှန်တရား၊ တရားမျှတမှု၊ ပြန်လည် ကုစားပေးလျော်မှုနှင့် ထပ်မံမဖြစ်ပေါ်စေရေး (အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု) တို့ ရှိသည်။ မြန်မာနိုင်ငံတွင် အသွင်ကူးပြောင်းဆိုင်ရာ တရားမျှတမှု လုပ်ငန်းများ ဆောင်ရွက်နိုင်မည့် နည်းလမ်းများအား အာဏာရှင်တို့က ပိတ်ဆို့ထားသည်။ အဖွဲ့အစည်းများ ကောင်းမွန်စွာ လည်ပတ်စေမည့် တရားဥပဒေစိုးမိုးရေးအား ထိန်းသိမ်းစောင့်ရှောက်ရမည့်အစား အလုံးစုံ ငြင်းဆို၍ ဆက်လက် ထိန်းချုပ်နေသည်။

မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှု မရှိပါ။ စစ်တပ်မှ တာဝန်ယူ တာဝန်ခံရမည့် စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှု သို့မဟုတ် လူမျိုးတုန်း သတ်ဖြတ်မှုအတွက် အားထားရမည့် အသွင် ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု လုပ်ငန်းစဉ်လည်း မရှိပါ။ အရပ်သား ပြည်သူများအပေါ် တိုက်ခိုက်မှုကို ပြစ်ဒဏ်ကင်းလွတ်ခွင့်ဖြင့် ဆက်လက်ကျူးလွန်နေသည်။ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုသည် တရားစွဲဆို အပြစ်ပေးခြင်းသာမဟုတ်သည်ကို အရေးတကြီး အလေးထားရန် လိုပါသည်။ တရားမျှတမှုတွင် နစ်နာသူများအား ပြန်လည်ကုစားပေးလျော်မှု၊ အမြောက်အများ ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုများ၏ အမှန်တရား၊ အသိအမှတ်ပြုခြင်းနှင့် ဝန်ခံခြင်း၊ ထပ်မံ မဖြစ်ပွားစေရေးအတွက် အာမခံရန် ဥပဒေ ရေးရာ ပြုပြင်ပြောင်းလဲမှု တို့လည်းပါဝင်သည်။

စစ်သားများအား စစ်ခုံရုံးဖြင့် အကာအကွယ်ပေးထားသည့်အတွက် နစ်နာသူများအတွက် တရားမျှတမှုမှာ အကြိမ်ကြိမ် ငြင်းဆိုခံနေရသည်။ မြန်မာနိုင်ငံတွင် နစ်နာသူများ သို့မဟုတ် ၎င်းတို့ မိသားစုဝင်များအတွက် ကူညီထောက်ပံ့မည့် ပြန်လည်ကုစားပေးလျော်မှု မူဝါဒများလည်း မရှိပေ။ ၂၀၁၅ ခုနှစ်တွင် ပြန်လည်ကုစားပေးလျော်မှု အလုပ်အဖွဲ့ (RWG) ကို ဖွဲ့စည်း၍ နိုင်ငံတော်အဆင့် ပြန်လည်ကုစားပေးလျော်မှု လုပ်ငန်းစဉ်များ တာဝန်ယူ ဆောင်ရွက်လာစေရန် စည်းရုံးလှုံ့ဆော်ခဲ့သည်။ ၂၀၂၁ ဖေဖော်ဝါရီမှစပြီး ထိုလုပ်ငန်းစဉ်များ ဆိုင်းငံ့ထားရသည်။ မြန်မာနိုင်ငံတွင် သိသာထင်ရှားသည့် အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု မူဝါဒ မရှိသည့်အတွက် တိုင်းရင်းသား ပြည်သူများမှာ စစ်တပ်၏ အကြမ်းဖက် ကျူးလွန်မှုများကို ဆက်လက်ခံနေ ကြရသည်။

အမှန်တရားဖော်ထုတ် ဖွင့်ဟခြင်းနှင့် လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းကို အရပ်ဖက်အဖွဲ့အစည်းများက နှစ်ပေါင်းများစွာ ဆောင်ရွက်နေကြသည်။ အရပ်သားတို့၏ အသက်ရှင် ရပ်တည်မှုအပေါ် စစ်အာဏာရှင် တို့၏ ကိုယ်ထိလက်ရောက် ကျူးလွန်ခံရသည့် နစ်နာသူများနှင့် အသက်ရှင်လွတ်မြောက်လာသူများအတွက် တရားမျှတမှုရရန်မှာ အချိန်လင့် ကြာညောင်းနေပြီဖြစ်သည်။ ထိုသို့ ကျူးလွန်မှုများမှာ ဆယ်စုနှစ်နှင့် ချီ၍ ကြာမြင့်နေပြီဖြစ်ပြီး မအောင်မြင်သည့် စစ်အာဏာသိမ်းမှု အခြေအနေတွင် တာဝန်ယူ တာဝန်ခံမှုကို လက်တွေ့ အရေးယူမှုများဖြင့် တောင်းဆိုနေမှုက အဆုံးတနေ့တွင် ပြစ်ဒဏ်ကင်းလွတ်ခွင့်ဓလေ့ကို အဆုံးသတ်စေမည်ဖြစ်သည်။

# ဖြစ်ရပ်မှန်များ

## ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်အစည်းအရုံး(AASYC)

၂၀၂၂ ခုနှစ်၊ မေလ ၂၈ ရက်။ ပလက်ဝမြို့နယ်

၂၀၂၂ ခုနှစ် မေလ ၂၈ ရက်နေ့တွင် ပလက်ဝမြို့နယ်၊ င/ရှကျေးရွာမှ မောင်အောင်အောင်ဦး၊ အသက် (၂၀) သည် ရွာအရှေ့ဖက်ရှိ မီးကျောင်းတောင်မှ မိခင်ဖြစ်သူနှင့်အတူ ပြန်လာချိန် လမ်းတွင် မိုင်းပေါက်ကွဲသဖြင့် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။

ပေါက်ကွဲသည့်မိုင်းမှာ လမ်းမကြီးအလယ်တွင် ထောင်ထားခြင်းဖြစ်ပြီး ဒဏ်ရာမှာပြင်းထန်သဖြင့် ၂၉ ရက် နေ့တွင် စစ်တွေဆေးရုံကြီးသို့ ပို့ဆောင်ကာ ညာခြေထောက်ကို ဖြတ်လိုက်ရသည်။ ထို့ပြင် ဘယ်ဘက်ခြေတွင် ဖနောင့်ပွင့်ထွက်သွားကာ ခါးအောက်ပိုင်းနှင့်လက်များတွင်လည်း ဒဏ်ရာရရှိ သွားသောကြောင့် ဆေးကုသမှုခံယူနေရသည်။

ယခုလို မိုင်းထိမှန်ခြင်းနှင့် ပတ်သက်၍ တိုက်ပွဲဖြစ်ပြီးနောက်ပိုင်း ကိုယ့်ကိုယ်ကို ကာကွယ်ရန်အတွက် မိုင်းထောင်းထားခဲ့သည့် နေရာများအား လက်နက်ကိုင်ဆောင်ထားသူများမှ ပြည်သူလူထုကို ပြန်မပြောပြသည့်အတွက် ခုလိုထိခိုက်ရခြင်းဖြစ်ကြောင်း ဒေသခံတဦးက ပြောသည်။

## မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း( HURFOM)

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂ ရက်။ ထားဝယ်။

နွေဦးတော်လှန်ရေးတွင် ပါဝင်သည့်အတွက် တက္ကသိုလ်ကျောင်းသားများနှင့် ဒေသခံ တက်ကြွလှုပ်ရှား သူများအား အာဏာရှင် ခုံရုံးက ထောင်ဒဏ်ပေးလိုက်သည်ဟု မိသားစုဝင်များက ပြောသည်။ ၂၀၂၁ ခုနှစ် မေလ ၃၁ ရက်တွင် ပစ်ခတ် ဖမ်းဆီးခံရသည့် ထားဝယ်မြို့နယ် ကျက်စားပြင် ရပ်ကွက်မှ လူငယ် ၂ ဦးအား တဦးလျှင် ထောင် ၁၁ နှစ်စီနှင့် ကိုညဏ်ဝင်း (၂၄) နှင့် ကိုဝေယံဖြိုး (၂၂) အပါအဝင် တက္ကသိုလ် ကျောင်းသား ၄ ဦးအား ထိုသို့စီရင်ခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် အရပ်သား ၂ ဦးမှာလည်း တဦးလျှင် ထောင် ၂ နှစ်စီ ချမှတ် ခံရသည်ဟု မိသားစုဝင်များကပြောသည်။

## မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း( HURFOM)

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်။ ထားဝယ်

ဖေဖော်ဝါရီလ ၂၂ ရက်နေ့ နေ့လည် ၁ နာရီခန့်တွင် ထားဝယ်၊ လောင်းလုံမြို့နယ် သဖြားကျေးရွာမှာ အသက် ၁၅ နှစ်အရွယ် ယောကျ်ားလေးနှင့် ၉ နှစ်အရွယ် မိန်းကလေးတဦးအပါအဝင် ဆယ်ကျော်သက် လူငယ် ၂၄ ဦးအား စစ်အာဏာရှင်တပ်များက အတင်းအဓမ္မ ဖမ်းဆီးခဲ့သည်။

# ဖြစ်ရပ်မှန်များ

### မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း(HURFOM)

၂၀၂၂ ခုနှစ် ဧပြီလ ၁၁ ရက်၊ မွန်ပြည်နယ်

မွန်ပြည်နယ်၊ ရေး၊ လမိုင်းမြို့နယ်ခွဲ၊ မောကနင်းကျေးရွာမှ ဒေသခံအမျိုးသမီး ၂ ဦးသည် သံဖြူဇရပ်သို့ သွားနေစဉ် စစ်အာဏာရှင်တပ်များက ရမ်းသမ်းပစ်ခတ်သဖြင့် ဒဏ်ရာပြင်းထန်စွာ ရရှိသွားသည်။ ၎င်းတို့ ၂ ဦးသည် ရင်ဘတ်နှင့် ဦးခေါင်းတို့တွင် ဒဏ်ရာရရှိသွားခြင်းဖြစ်သည်။

### ကချင်အမျိုးသမီးအစည်းအရုံး–ထိုင်းနိုင်ငံ (KWAT)

၂၀၂၂ ခုနှစ် ဧပြီလ ၁၂ ရက်။ ကွတ်ခိုင်မြို့နယ် ဟူနောင်ကျေးရွာ

ဧပြီလ ၁၂ ရက်နေ့ မနက် ၈:၃၀ ခန့်တွင် လွမ်မိုင် သည် အနီးအနားခြံရှိ သူမ၏ အကိုဖြစ်သူ ဟူနောင် ကျေးရွာလူကြီးအား ကူညီရန်သွားခဲ့သည်။ သို့သော်လည်း အကိုဖြစ်သူမှာ အရေးပေါ် ကိစ္စတခုအတွက် အပြင်သို့ ရောက်နေသည် ထို့ကြောင့် ခြံကူရှင်းပေးရန် အစီအစဉ်ကို နောက်နေ့သို့ ပြောင်းလိုက်ပြီး နံနက် ၉ နာရီတွင် အိမ်သို့ ပြန်ခဲ့သည်။ သူမအိမ်နှင့် အကိုဖြစ်သူအိမ်မှာ ၁၀ မိနစ်ခန့် လမ်းလျှောက်ရသည်။

အိမ်သို့ လမ်းလျှောက်ပြန်နေစဉ် မြန်မာစစ်တပ်မှ စစ်သားတဦး သူမနောက် လိုက်လာသည်ကို သတိပြုမိ၍ခြေလှမ်းသွက်သွက်ဖြင့် အိမ်ဝင်းထဲသို့ ဝင်လိုက်သည်။ စစ်သားမှာ ယူနီဖောင်းဝတ်၍ သေနတ်လွယ်ထားပြီး အသက်၃၀ ခန့်ရှိမည်ဖြစ်သည်။ သူမ အိမ်ဝင်းထဲဝင်သည်နှင့် စစ်သားက နောက်မှလိုက်လာပြီး “မင်းအိတ် ထဲမှာ ဘာတွေ ထည့်လာလဲ?” ဟု မေးသည်။ သူမက “ဘာမှ မပါဘူး” ဟု ဖြေသည်။ ထို့နောက် စစ်သားက သူမအား ဆွဲယူကာ ခန္ဓာကိုယ်အား ပွတ်သပ်နေသည်။ သူမ ကြောက်လန့်တကြားဖြင့် အော်ဟစ်လိုက်ရာ စစ်သားက သူမ၏ ခေါင်းနှင့် ခန္ဓာကိုယ်အား လက်သီးဖြင့်ထိုးသည်။

သူမ မောင်ငယ်၏ခြံမှာ သူမအိမ်အနောက်ဘက် ပေ ၂၀၀ ခန့်အကွာတွင်ရှိသည်။ ထိုအချိန်တွင် သူမ၏ မောင်နှင့် အသက် ၁၇ နှစ်အရွယ် သားဖြစ်သူက ခြံစည်းရိုးကာနေသည်။ အော်ဟစ်သံကြားသည့်အခါ မောင်ဖြစ်သူက ၎င်း၏ သားဖြစ်သူအား “သွားကြည့်စမ်း တယောက်ယောက် ခွေးကိုက်ခံရပြီထင်တယ်” ဟု ပြောသည်။ သားဖြစ်သူက လွမ်မိုင် အိမ်သို့ သွားကြည့်ရာ စစ်သားက သူမအားခေါင်းအား ထိုးကြိတ်နေပြီး လည်ပင်းညှစ်ရန် ပြင်နေသည်။ စစ်သားက လူငယ်ကိုတွေ့သည့်အခါ သေနတ်ဖြင့် ခြိမ်းခြောက်ပြီးနောက် ၎င်းတို့ အခြေစိုက်ရာရွာသို့ ထွက်ခွာသွားသည်။ လူငယ်က သူ့အဖေထံ ပြန်သွားပြီ သူမြင်တွေ့ခဲ့ရသည်ကို ပြန်ပြောသည်။

ဖခင်ဖြစ်သူက စဉ်းစားပြီး ကျူးလွန်သူ မည်သူဖြစ်သည်ကို သိရှိရန်လိုသည်ဟု သဘောပေါက်ပြီးနောက် ဖြတ်လမ်းမှ စစ်သားများ လုံခြုံရေးယူထားသည့် နေရာသို့လိုက်သွားသည်။ တပ်မှူးက ကျူးလွန်သူ စစ်သားအား “မင်းဘယ်သွားနေလဲ? ဘာလို့ အဲဒီမှာ နေရတာလဲ?” စသဖြင့်မေးပြီးနောက် တချက်ထိုးလိုက်သည်ကို တွေ့ရသည်။ စစ်သား ၂ ဦးလုံးက အသက်ရှင်လွတ်မြောက်လာသူ၏ မောင်ကို မတွေ့လိုက်ပေ။ အကယ်၍ သူ့အနေဖြင့် စစ်သားအား ချက်ခြင်း စိန်ခေါ်လိုက်ပါက သူ့အား ပြန်တိုက်ခိုက်ကြမည်ကို စိုးရိမ်မိသည်။

သူအိမ်ပြန်ရောက်ပြီးနောက် ရွာသူကြီး၊ လွတ်မြောက်လာသူနှင့် တခြားရွာသားများအား ခေါ်လိုက်သည်။ ၁၀ နာရီခန့်တွင် သူတို့သည် စစ်သားများ စခန်းချနေသည့်နေရာသို့သွားမှ တပ်မှူးနှင့်တွေ့သည်။ တပ်မှူးကသူ၏ စစ်

# ဖြစ်ရပ်မှန်များ

သားများကို မတ်တပ်ရပ်ရန် အမိန့်ပေးလိုက်ပြီး လွတ်မြောက်လာသူအား သူမအား ကျူးလွန် စော်ကားသူ မည်သူ ဖြစ်သည်ကို ပြသစေသည်။ ကျူးလွန်သူသည် အခင်းဖြစ်စဉ်ဝတ်ထားသည့် ဆွယ်တာ ကိုချွတ်ထားသော်လည်းလွတ်မြောက်လာသူက မှတ်မိနေသည်။ တပ်မှူးက "ငါတို့ အရေးယူပေးမယ်" ဟုဆိုကာ ကျူးလွန်သူအား သစ်ပင်တွင် ကြိုးနှင့်ချည်ထားသည်။

**ကချင်အမျိုးသမီးအစည်းအရုံး–ထိုင်းနိုင်ငံ (KWAT)**

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၃ ရက်

လူငယ် အမျိုးသားတဦးဖြစ်သူ ရမ်ဆင်း အား ၂၀၂၁ ခုနှစ် မတ်လတွင် ပြုလုပ်ခဲ့သည့် "မြန်မာနိုင်ငံအတွက် တရားမျှမှု" ဆုတောင်းပွဲတွင် ပါဝင်မှုဖြင့် နောင်မွန် တွင် စစ်အာဏာရှင်တပ်များမှ ဖမ်းဆီးခဲ့သည်။ ၂၀၂၂ ဇွန် လ ၆ ရက်နေ့တွင် သူ့အား ပုဒ်မ ၅၀၅ (ခ) ဖြင့် စီရင်ချက်ချပြီး ပူတာအို အကျဉ်ထောင်သို့ ပို့လိုက်သည်။

**ကချင်အမျိုးသမီးအစည်းအရုံး–ထိုင်းနိုင်ငံ (KWAT)**

၂၀၂၂ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်

လဖိုင်လပါ (၃၇ နှစ်) နှင့် ဂါရင်းတိန်နန် (၅၅ နှစ်) တို့သည် ဗန်းမော်မှ မိုးမောက်ရှိ ၎င်းတို့၏အိမ်သို့အပြန် ၉ နာရီခန့်တွင် ပြန်ခဲ့ကြသည်။ မိုးမောက်အခြေစိုက် ခမရ ၄၃၇ စခန်းအနီးသို့ အရောက်တွင် မြန်မာစစ်သား များက ၎င်းတို့အား ပစ်ခတ်သဖြင့် သေဆုံးသွားကြသည်။ လဖိုင်လပါ သည် ပါးစပ်တွင် ပစ်ခတ် ခံရပြီး ဂါရင်းတိန်နန် သည် မျက်လုံးတွင် ပစ်ခတ်ခံရသည်။ ထိုညတွင်ပင် ၎င်းတို့၏ ရုပ်ခန္ဓာအား မိုးမောက် ပြည်သူ့ ဆေးရုံသို့ ပို့လိုက်သည်။

**တအာင်းအမျိုးသမီးအဖွဲ့ (TWO)**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်။ ရှမ်းပြည်မြောက်ပိုင်း လားရှိုး

လားရှိုးခရိုင်၊ မိုင်းယော်တိုက်နယ် ပန်းသပြေအုပ်စု ပန်းနန်ကျေးရွာတွင် နေထိုင်သည့် ရွာသားများသည် MNDAA တပ်နှင့် စစ်အာဏာရှင်တပ်အကြား တိုက်ပွဲကြောင့် စစ်ဘေးရှောင်ပြီးနောက် ဖေဖော်ဝါရီ ၁၇ ရက် နေ့တွင် အိမ်ပြန်လာနေစဉ် လမ်းခုလတ်တွင် လက်နက်ကြီးပေါက်ကွဲမှုဖြစ်ပြီး အရပ်သား (၈) ဦး ထိခိုက်ကာ ၄ ဦး သေဆုံးပြီး ၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ဒဏ်ရာရရှိသူ ၄ ဦးအနက် ၃ ဦးမှာ ဒဏ်ရာအခြေအနေ ဆိုးဝါး နေသဖြင့် လားရှိုး စစ်ဆေးရုံမှ တဆင့် ပြင်ဦးလွင် စစ်ဆေးရုံသို့ လွှဲပြောင်းကုသမှုခံယူခဲ့ပါသည်။

အခင်းဖြစ်ပွားသည့်နေရာတွင် သေဆုံးသွားခဲ့သူများမှာ အသက် (၃၀) ရှိ ဒေါ်အေးကြွယ်၊ သားအမိ ဖြစ်သူ ဒေါ်အေးအိ အသက် (၃၀) နှစ်နှင့် လွေးအေးကျန် အသက်(၅) နှစ်၊ အသက် (၂၆) နှစ်ရှိ ဒေါ်အေးမန်တို့ဖြစ်ပြီး ဒဏ်ရာရရှိသူများမှာ အသက် (၂၅) နှစ်ရှိ လွေးအေးလောတ်၊ အသက် (၁၇) နှစ် လွေးအေးခမ်း၊ အသက် (၂၀)နှစ်ရှိ လွေးအေးဇင်၊ အသက်  (၂၈) နှစ်ရှိ မိုင်းအလိုက်လှ တို့ဖြစ်သည်။

# နိဂုံး

ယခုအစီရင်ခံသည့် ကာလတွင် မြန်မာစစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် အရပ်သား ပြည်သူတို့၏ လုံခြုံရေးအခြေအနေ အကြီးအကျယ် လျော့နည်းကျဆင်းနေသည်ကို ND-Burma မှ လေ့လာမိသည်။ ဒေသခံရွာများနှင့် နယ်မြေများတွင် စစ်တပ်မှာ တပ်များတိုးချဲ့ချထားသည့်အတွက် စစ် တပ်၏ ဝင်ရောက်စီးနင်း တိုက်ခိုက်မှုမှ ကိုယ့်ကိုယ့်ကိုယ် ကာကွယ်နိုင်သည့် အနေအထားမရှိသည့် အရပ် သား ပြည်သူများမှာ စိုးရိမ်ပူပန် ကြောင့်ကြလျှက်ရှိသည်။

စစ်အာဏာရှင်တပ်များသည် နှစ်ပေါင်း ၇၀ ကျော် ပြည်တွင်းစစ်တလျှောက် ပြစ်ဒဏ်ကင်းလွတ်ခွင့် ခလေ့ကို အကာအကွယ်ယူ၍ အရပ်သားပြည်သူများအပေါ် တိုက်ခိုက်၊ ရာဇဝတ်မှုများ ကျူးလွန်လျှက်ရှိသည်။ အရပ်သားများအပေါ် ပစ်မှတ်ထားခြင်း၊ လိင်ကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများနှင့် ဖြတ် လေးဖြတ် စစ်ဆင်ရေးကဲ့သို့ စစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှု ပုံစံများ၊ အပြုအမူနှင့် ကျင့်သုံးသည့် နည်းနာများမှာ အမြဲတစေ အ တူတူပင်ဖြစ်သည်။ ထို့အပြင် စစ်အာဏာရှင်တို့အား တခဲနက် ဆန့်ကျင်နေ သည့် မြန်မာပြည်သူများသည် စစ်တပ်က အကူအညီများ ပေးဝေမည်ကို အယုံအကြည် ကင်းမဲ့လျှက်ရှိ သည် အဘယ်ကြောင့်ဆိုသော် ၎င်းတို့ နေထိုင်ရာများ သိရှိသွားပြီးနောက် အကြမ်းဖက်ခြင်း သို့မဟုတ် သတ်ဖြတ်ခြင်းများ ကျူးလွန်မည်ကို စိုးရိမ်ခြင်းကြောင့်ဖြစ်သည်။

အစီရင်ခံသည့် ကာလအတွင်း အခက်အခဲများနှင့် ရှုပ်ထွေး စိန်ခေါ်မှုများမှာ စစ်အာဏာသိမ်းမှုနှင့် ကမ္ဘာ့ကပ် ရောဂါ ကျရောက်သည့် ၂၀၂၁ ခုနှစ်ထက် ပို၍ပင် များပြားသည်။ စစ်တပ်၏ မအောင်မြင်သည့် အာဏာရ ယူရန် ကြိုးပမ်းမှုကြောင့် နိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးအခြေအနေမှာ ဖောက်ထိုးမိုးမျှော် ထိုးကျသွားကို အဖွဲ့ဝင်အဖွဲ့အစည်းများ၏ မှတ်တမ်းများက ပြသနေသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ကမ္ဘာလုံးဆိုင်ရလက်နက်တင်ပို့ ရောင်းချမှု ပိတ်ပင်ရေး ဆုံးဖြတ်ချက်၊ မြန်မာနိုင်ငံအခြေအနေကို နိုင်ငံတကာရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးရန်နှင့် ကုလသမဂ္ဂ ဦးဆောင်သည့် ကိုဗစ် ၁၉ ကပ်ရောဂါအတွက် လူသားချင်းစာနာသည့် အကူအညီများ အရေးပေါ် ကြားဝင် ဆောင်ရွက်ပေး ရန်တို့ကို ND-Burma မှ ထောက်ခံပါသည်။ မြန်မာနိုင်ငံတွင် စစ်အာဏာရှင်တို့မှ အရပ်သားများအပေါ် ပစ် မှတ်ထားတိုက်ခိုက်နေမှု အမြန်ဆုံးရပ်တန့်စေရေးအတွက် သံတမန်ရေး၊ နိုင်ငံရေးနှင့် စီးပွားရေးဖိအားများ ပေးရန် တောင်းဆိုပါသည်။ စစ်အာဏာရှင်တို့ လက်အောက်တွင် ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး လုပ်ငန်းများ အလေးအနက်ထား ဆောင်ရွက်နိုင်မည် မဟုတ်ပါ။

# အကြံပြုချက်များ

## နိုင်ငံတကာအသိုင်းအဝိုင်းသို့

- မြန်မာစစ်အာဏာရှင်တို့နှင့် လက်တွဲလုပ်ဆောင်မှုနှင့် ၎င်းတို့မှ တရားဝင်မှုရှိကြောင်း တောင်းဆိုနေသည့် မည်သည့် ကိုယ်စားပြုခွင့်ကိုမှ ငြင်းပယ် အသိအမှတ်မပြုရန်။ ထိုသို့ပြုလုပ်ရန်အတွက် စစ်အာဏာရှင်တို့၏ ကိုယ်စားလှယ်များအား နိုင်ငံတကာ အခမ်းအနား၊ အစည်းအဝေးနှင့် တွေ့ဆုံပွဲများသို့ တက်ရောက်ခွင့်ကို တင်းတင်းကြပ်ကြပ် တားမြစ်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုအားလုံးကို နိုင်ငံခေါင်းဆောင်မှုအဖြစ် အမျိုးသား ညီညွတ်ရေးအစိုးရနှင့် လုပ်ဆောင်ရန်။
- မြန်မာ စစ်အာဏာရှင် ခေါင်းဆောင်များ၊ စစ်သားများနှင့် ၎င်းတို့၏မိသားစုများအပေါ် ထိရောက်သည့် အရေးယူမှုများ ချမှတ်ရန်။
- လူသားချင်းစာနာသည့် အထောက်အကူများအပေါ် ကန့်သတ်ထိန်းချုပ်မှုကို ရုပ်သိမ်းစေရန် တောင်းဆိုရမည်။ သို့မှသာ အကူအညီများ လိုအပ်နေသည့် လူမှုအသိုင်းအဝိုင်းသို့ လွတ်လပ်၊ လုံခြုံ စွာ ရောက်ရှိနိုင်မည်။
- နိုင်ငံတကာ အကာအကွယ်ပေးရေး ယန္တရားများကို အားကောင်းစေ၍ လူ့အခွင့်အရေးချိုးဖောက်ခံရသူများနှင့် အဖွဲ့အစည်းများအား ယုံကြည် စိတ်ချရသည့် တာဝန်ယူ တာဝန်ခံမှု လမ်းကြောင်းများအား လက်လှမ်းမီ ချဉ်းကပ်နိုင်စေရန်။
- ထိုင်း-မြန်မာ နယ်စပ်နှင့် မြန်မာပြည်တွင်းသို့ အရေးပေါ် အကူအညီများ ပေးပို့ထောက်ပံ့နေသည့် ဒေသခံအဖွဲ့အစည်းများအား နယ်စပ်ဖြတ်ကျော် အကူအညီများပေးရန်။
- ငြိမ်းချမ်းရေးနှင့် တိုင်းပြည်၏ နှစ်ရှည်လများ အခက်အခဲများကို ဒေသခံပြည်သူများ ဆန္ဒနှင့် အညီ ဖြေရှင်းနိုင်ရန်အတွက် ပွင့်လင်းမြင်သာ၍ လက်တွေ့ကျသည့် ခြေလှမ်းများဖြင့် ဒေသခံအဖွဲ့အစည်းများ၊ တိုင်းရင်းသားပါတီများနှင့် လက်တွဲလုပ်ဆောင်ရန်။
- နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရန်၊ စွဲဆိုထားသည့် အမှုများ ချက်ခြင်း ခြွင်းချက်မရှိ ရုပ်သိမ်း တောင်းဆိုမှုအပေါ် ဆက်လက်ရပ်တည်ရန်။
- တိုင်းပြည်အတွင်းရှိ ပြည်သူအားလုံး တရားမျှတမှု ရရှိစေရန်အတွက် ကုလသမဂ္ဂမှ ပြဋ္ဌာန်းထားသည့် စုံစမ်းစစ်ဆေးမှုများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

## လူ့အခွင့်အရေးကောင်စီ၊ လုံခြုံရေးကောင်စီအပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်းများသို့

- မြန်မာနိုင်ငံ၏ အခြေအနေကို နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ အမြန်ဆုံးလွှဲပြောင်းပေးရန်။ စစ်အာဏာရှင်များက ပြည်သူလူထုအပေါ် အမြောက်အမြားကျူးလွန်ထားသည့် ရာဇဝတ်မှုများအတွက် နစ်နာသူများ တရားမျှတမှုရရှိစေမည့် လမ်းကြောင်းများကို သုံးသပ် ထည့်သွင်းစဉ်းစားရန်။

- စစ်အာဏာရှင်တို့မှ လေကြောင်းတိုက်ခိုက်မှု ဆက်လက်ပြုလုပ်နေခြင်းကို ဟန့်တားရန်အတွက် လေယာဉ်ဆီ တင်ပို့ရောင်းချမှုကို အရေးယူ၍ ထိထိရောက်ရောက် ဆောင်ရွက်ရန်။

- မြန်မာနိုင်ငံ၏ ဆိုးရွားသည့် လူ့အခွင့်အရေးအခြေအနေကို နားလည်သဘောပေါက်၍ စစ်ပွဲဒဏ် အောက်မှ နိုင်ငံတွင်းသို့ လက်နက်များ စီးဆင်းမှုရပ်တန့်စေရန်အတွက် ကမ္ဘာလုံးဆိုင်ရာ လက်နက် တင်ပို့ရောင်းချမှု ပိတ်ပင်ရန် ဆုံးဖြတ်ချက်များ ချက်ခြင်းချမှတ်ရန်။

- စစ်အာဏာရှင်တို့ အမြောက်အမြားကျူးလွန်နေသည့် ရာဇဝတ်မှုများအတွက် မှတ်တမ်းတင် သက် သေယူနေသည့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအား ကူညီထောက်ပံ့ရန်။

- မြန်မာနိုင်ငံ အခြေအနေကို စောင့်ကြည့်လေ့လာမည့် အဖွဲ့အား အမြန်ဆုံး စေလွှတ်ရန်။

- စစ်အာဏာရှင်တို့ တရားမဲ့သတ်ဖြတ်ခံရသည့် ကလေးငယ်များအတွက် စုံစမ်းစစ်ဆေးရန် UNICEF အပါအဝင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့များမှ စည်းရုံးတိုက်တွန်း လုပ်ဆောင် ရန်။ ကလေးသူငယ်များသည် ပစ်မှတ်များမဟုတ်စေရန်အတွက် ယန္တရားများ ဖွဲ့စည်းတည်ထောင်ရန်။

## အရှေ့တောင်အာရှ နိုင်ငံများအသင်း (ASEAN) သို့

- အမျိုးသားညီညွတ်ရေးအစိုးရ (NUC) နှင့် အနာဂတ်တွင် အကြမ်းဖက်မှုကင်းစင်၍ နိုင်ငံရေးအကျဉ်းသားများ မရှိစေဘဲ တိုက်ပွဲများလည်း မရှိသည့် နိုင်ငံအဖြစ် ကြိုးပမ်းနေသည့် အခြားသော ဒီမိုကရေစီအင်အားစုများ နှင့် လက်တွဲလုပ်ဆောင်ရန်။

- စစ်အာဏာရှင်တို့နှင့် လွတ်ကင်းပြီး မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေးအတွက် အဖြေရှာသည့် အရပ်ဘက်အဖွဲ့ အစည်းများအား ပံ့ပိုးကူညီရန်။ နိုင်ငံတွင်း ငြိမ်းချမ်းရေးကို ရှေ့ရှုကူညီလိုလျှင် ASEAN အနေဖြင့် စစ်အာဏာရှင်တို့နှင့် တွေ့ဆုံဆွေးနွေးနေမှုကို ရပ်ဆိုင်းရမည်။

- အလုပ်မဖြစ်သည့် ‘ဘုံသဘောတူချက် ၅ ရပ်’ ကို ချက်ခြင်းစွန့်လွှတ်၍ ပြုပြင်ပြောင်းလဲမှုများ တိုးတက်စေမည့် ချဉ်းကပ်မှုအသစ်များကို ထည့်သွင်းစဉ်းစားဆောင်ရက်ရန်။

- စစ်တပ်မှ လက်နက်များ ဝယ်ယူနေသည့် နိုင်ငံကြေးငွေနှင့် အခွန်ဘဏ္ဍာများအပေါ် ASEAN မှ ထိန်းချုပ်ကန့်သတ်ရန်။

- ကမ္ဘာလုံးဆိုင်ရာ လက်နက်တင်ပို့ရောင်းချမှု ပိတ်ပင်ရေး၊ စစ်အာဏာရှင်တို့မှ အရပ်သားပြည်သူ များ အပေါ် ကျူးလွန်အကြမ်းဖက်မှုများ ရပ်တန့်စေရေးအပါအဝင် ကုလသမဂ္ဂ ဆုံးဖြတ်ချက်များ ကို ASEAN အနေဖြင့် ထောက်ခံ၍ မြန်မာပြည်သူများနှင့် တသားတည်းဖြစ်ကြောင်းပြသရန်။




# အာဏာသိမ်းမှုအား ခုခံခြင်း

၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ND-Burma ၏
၆ လပတ် အစီရင်ခံစာ